မြဝတီ နေ့စဉ်

သတင်းလောကရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၁၆)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကိုပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## လာမည့်ရွေးကောက်ပွဲတွင် Myanmar Electronic Voting Machine စနစ်ဖြင့် ဆောင်ရွက်သွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ★




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်)

# ကျန်းကျန်းမာမာချမ်းချမ်းသာသာအသက်တစ်ရာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးကိုဦးတည်ချက်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ လူသားတိုင်းအတွက် အရေးကြီးဆုံးသောအရာမှာကျန်းမာရေးကောင်းမွန်ခြင်းဖြစ်သည်။ ကျန်းမာရေးကောင်းမွန်မှသာ မိမိတို့၏လူမှုစီးပွားဘဝရှင်သန်တိုးတက်ရေးကိုဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကျန်းမာရေးဆိုသည်မှာ လူ၏ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးကောင်းမွန်နေမှသာ ကျန်းမာရေးကောင်းမွန်သည်ဟုဆိုနိုင်သည်။

ကျန်းမာရေးနှင့်ပတ်သက်လာလျှင် မိမိတို့ဘိုးဘွားအစဉ်အဆက်လက်ဆင့်ကမ်းပြုစုထိန်းသိမ်းလာခဲ့သောတိုင်းရင်းဆေးကဏ္ဍသည်လည်း အရေးပါသည့်အခန်းကဏ္ဍတွင်တည်ရှိသည်။ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရခြင်းသည် အနှစ်သာရအားဖြင့် တိုင်းရင်းဆေးသမားတော်များက တိုင်းရင်းဆေးဖြင့် ပြည်သူလူထု၏ကျန်းမာရေးကို ပိုမို၍ကျယ်ကျယ်ပြန့်ပြန့်စောင့်ရှောက်မှုပေးနိုင်ရေးသည်အဓိကဖြစ်သည်။ (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်မှ ၂၂ ရက်အထိကျင်းပမည်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ ရှေးဘိုးဘွားစဉ်ဆက် နှစ်ပေါင်းများစွာကရှိခဲ့သော ရိုးရာအမွေအနှစ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိန်းသိမ်းစောင့်ရှောက်ရုံမျှမက ပိုမိုကောင်းမွန်သောနည်းပညာဖြင့်တီထွင်ကြံဆထုတ်လုပ်ပြီး မျိုးဆက်သစ်အဆက်ဆက်တို့ထံ ဆက်လက်မျှဝေပေးကြရမည်ဖြစ်သည်။ ထိုသို့မျှဝေပေးနိုင်ရန်အတွက် ညီလာခံနှင့်နှီးနှောဖလှယ်ပွဲဆောင်ရွက်ချက်မှတ်တမ်းများကိုစနစ်တကျပြုစုထားရှိရမည်ဖြစ်သည်။ မှတ်တမ်းများမပျက်မစီးဘဲ သားစဉ်မြေးဆက်အသုံးချနိုင်ရေးမှုရင်းစာတမ်းများကိုစနစ်တကျထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ I.T ခေတ်ဖြစ်၍လည်း မူရင်းစာတမ်းမှအချက်အလက်များကို စုစည်း၍ Data Base တစ်ခုတည်ဆောက်ပြီး ဝန်ကြီးဌာန၏ Websiteများ၊ Server များတွင် ထိန်းသိမ်းထားရမည်ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများသည် မြန်မာနိုင်ငံအတွင်းရှိ တော၊ တောင်၊ ရေ၊ မြေတို့က ရရှိနိုင်သည့် သဘာဝအရင်းအမြစ်များဖြင့် တိုင်းရင်းဆေးဝါးများတွင် ထည့်သွင်းအသုံးပြုပြီး ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြသည်။ ကပ်ရောဂါဘေးနှင့်သဘာဝဘေးအန္တရာယ်များဖြစ်သည့် လေဘေး၊ ရေဘေးစသည့်အန္တရာယ်များကြုံတွေ့သည့်အခါတွင်လည်း ပြည်သူလူထုကိုတစ်ဖက်တစ်လမ်းက မြန်မာ့တိုင်းရင်းဆေးပညာဖြင့် အားသွန်ခွန်စိုက်စွမ်းစွမ်းတမံစောင့်ရှောက်ပေးခဲ့ကြသည်။ မြန်မာဘုရင်များအုပ်ချုပ်စဉ်က နန်းတွင်းသမားတော်ကြီး၏အခန်းကဏ္ဍသည် လွန်စွာအရေးပါခဲ့သည်။ အဆိုပါသမားတော်ကြီးများ၏ ပညာရပ်များကြောင့်လည်း တိုင်းရင်းဆေးဖြင့် လူသားတို့အသက်ကိုကာကွယ်နိုင်ခဲ့သည်။

ယနေ့ကာလတွင် နည်းပညာတိုးတက်မြင့်မားမှုနှင့်အတူ ဆက်သွယ်မှုလျင်မြန်လာမှုကြောင့် နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများရှိလာသည်။ တိုင်းရင်းဆေးပညာသည် မြန်မာတို့၏ရိုးရာအမွေအနှစ်ဆေးပညာရပ်ဖြစ်သည်သာမက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ကမ္ဘာ့နိုင်ငံများ၏တိုင်းရင်းဆေးဆိုင်ရာကဏ္ဍများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အာဆီယံ၊ ဘင်းမ်စတက်၊ မဲခေါင်စသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် တိုင်းရင်းဆေးပညာကဏ္ဍများတွင် အတူပူးပေါင်းဆောင်ရွက်နေခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ အရည်အသွေးပြည့်ဝစွာဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာသို့ထိုးဖောက်နိုင်မည့် မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထို့ပြင် ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအစဉ်အလာကြီးမားသည့် ဆေးကျမ်းများနှင့် အာနိသင်ထက်မြက်သည့်ဆေးဝါးများ စသည့်မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရ အဆီအနှစ်များကို စုစည်းပြီး အမျိုးသားအမွေအနှစ်ဆေးပညာရပ်တစ်ရပ်အဖြစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဤညီလာခံကြီးမှ ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေးကြရမည်ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်မှုများတွင် အခြားနိုင်ငံများ၏အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများသို့ မြန်မာနိုင်ငံမှတိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူလုပ်ငန်းရှင်များ သွားရောက်ခဲ့ကြသည်။ ထို့အတူ ယခုကျင်းပမည့်(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကြီးတွင်လည်း အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများမှဘာသာရပ်ဆိုင်ရာပညာရှင်များကိုဖိတ်ကြား၍ ပါဝင်ဆွေးနွေးစေမည်ဖြစ်သည်။ "တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေးအသိအမှတ်ပြုနိုင်စေရန်၊ တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများခေတ်စနစ်နှင့်အညီထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာရိုးရာယဉ်ကျေးမှုအမွေအနှစ်အားလေးစားတန်ဖိုးထားတတ်စေရန်" ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းသိရှိရသည်။ အနှစ်ချုပ်ဆိုရသော် မြန်မာ့တိုင်းရင်းဆေးပညာ ပိုမိုတိုးတက်မြင့်မားပြီး နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကျန်းကျန်းမာမာချမ်းချမ်းသာသာအသက်တစ်ရာနေနိုင်ရေးကုသပေးနိုင်ကြပါစေကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၀-၁၁-၂၀၂၄(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Market News | ၄။ ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၂။ ၁၁:၅၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် | ၅။ ၁၅:၃၅ | Happy Zone |
| ၃။ ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား | ၆။ ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၄၂၇ ဧကရိတ်သိမ်းပြီးစီး



ဝါးခယ်မ နိုဝင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၄၂၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောပြချက်အရ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဝါးခယ်မမြို့နယ်၌ မိုးစပါး ၂၁၃၂၁၆ ဧကအထိ လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါမိုးစပါးများကို အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိအချိန်ထိ ၄၂၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ရိတ်သိမ်းပြီးဖြစ်သည့် မိုးစပါးများ တစ်ဧကလျှင် ၉၀ ဒသမ ၆၅ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

''ဝါးခယ်မမြို့နယ်တစ်ခုလုံးအနေနဲ့ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါး ၂၁၃၂၁၆ ဧကအထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့မိုးစပါးတွေကို ပြန်လည်ရိတ်သိမ်းရာမှာ လက်ရှိအချိန်ထိ ၄၂၇ ဧက ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ရိတ်သိမ်းခဲ့တဲ့စပါးတွေ တစ်ဧကချင်းအထွက်နှုန်းကောင်းခဲ့သလို စပါးအရည်အသွေးလည်း ကောင်းပါတယ်။ ဝါးခယ်မမြို့နယ်အပါအဝင် မြောင်းမြခရိုင်အတွင်းက မြို့နယ်တွေမှာ မိုးစပါးစိုက်ပျိုးဖို့ စတင်မစိုက်မီအချိန်ကတည်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်'' ဟု ဒေါ်ခင်ဌေးမြင့်က ပြောသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးလျာထား ၂၁၃၂၁၆ ဧကတွင် ဆင်းသုခ၊ GW–11၊ ပခမ်း၊ GW –3၊ ဧရာမင်း၊ မှော်ဘီ– ၁၊ ထိုင်းဘောကျား၊ ရက် ၉၀၊ သီးထပ်ရင်၊ နံ့ကား၊ မှော်ဘီ– ၃၊ နယူးဧရာ– ၁၊ GW– 18 စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါမိုးစပါးများ လျာထားဧကအတိုင်း စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ရေး ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သုတကျော်

# ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ နိုဝင်ဘာလ ၁၉ ရက်တွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း တော်ဝင်သဇင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒဂုံ(မြောက်ပိုင်း) မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးမြင့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ရီက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးသူများအဖြစ် ဒဂုံ(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ရီနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်စန်းစန်းမာရွှေတို့က ဆောင်ရွက်ပြီး Grade–10 မှ မောင်သော်ဘုန်းဟန်က လူငယ်နှင့်စာပေ၊ Grade–11 မှ မောင်ချမ်းပြည့်ကျော်က လူငယ်နှင့်ယဉ်ကျေးမှု၊ Grade–11 မှ မောင်လမင်းသန့်က လူငယ်နှင့်နည်းပညာ၊ Grade–10 မှ မောင်ကောင်းဇင်လင်းက လူငယ်နှင့်စာရိတ္တ၊ Grade–10 မှ မချမ်းမြေ့မေသူက လူငယ်နှင့်အားကစား၊ Grade–11 မှ မစောယွန်းဝတီက လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ ပါဝင်ဆွေးနွေးသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးခဲ့သည်။

ထို့နောက် ပါဝင်ဆွေးနွေးပေးကြသော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ရီက အမှတ်တရလက်ဆောင်များချီးမြှင့်ခဲ့ပြီး မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဒေါ်မျိုးမျိုးအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်များကို တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(၂၈၅)

# အောင်ပန်းမြို့၌ ဧရာတ် ကြက်သွန်နှင့်ချင်းသီးနှံကုန်စည်ပြပွဲ ကျင်းပမည်

အောင်ပန်း နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ်တောင်ပိုင်း၌ စိုက်ပျိုးထွက်ရှိသည့် ဧရာတ်၊ ကြက်သွန်နှင့် ချင်းသီးနှံကုန်စည်ပြပွဲကို ဒီဇင်ဘာလ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် အောင်ပန်းမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြပွဲကို ကလော၊ အောင်ပန်းနဲ့ ပင်းတယဒေသတွေက တောင်သူတွေအတွက် အဓိကကျင်းပတာပါ။ တောင်သူတွေအနေနဲ့ အစုအဖွဲ့လိုက် ရောင်းဝယ်တတ်စေဖို့နဲ့ ဈေးကွက်ကောင်းတွေရရှိစေဖို့ ရည်ရွယ်ကျင်းပတာပါ။ တောင်သူတွေက အရင်က စိုက်ပျိုးပြီးရင် အဆင်ပြေတဲ့ပွဲရုံတွေမှာပဲ ရောင်းကြတယ်။ အခုက ပြပွဲကနေတစ်ဆင့် ရောင်းကြတာပေါ့။ တောင်သူနဲ့ကုန်သည်တွေ တိုက်ရိုက်ချိတ်ဆက်ဝယ်ယူနိုင်မယ်။ ဧရာတ်နဲ့ တွဲစိုက်တဲ့ ကြက်သွန်ဖြူ၊ ချင်းတွေပါ ပါဝင်ပြသမှာဖြစ်ပါတယ်" ဟု တောင်သူဈေးမှ ဈေးကွက်ဖွံ့ဖြိုးရေးတာဝန်ခံ ဦးသန်းကျော်ဆင့်ကပြောသည်။



အဆိုပါပြပွဲတွင် ဝယ်ယူသူများအနေဖြင့် တောင်သူများနှင့်တိုက်ရိုက်ချိတ်ဆက်ဝယ်ယူနိုင်မည့်အပြင် စိုက်ပျိုးသူများအဆင်ပြေစေရန် ပြပွဲကို ၁၅ ရက်လျှင်တစ်ကြိမ် ကျင်းပမည်ဖြစ်ကြောင်း၊ တောင်သူဈေးနှင့်အတူ ပွဲရုံ၊ ကုန်သည်၊ ကုန်စည်ဒိုင်များ ဈေးကောင်းရရှိစေရန် အခြေခံဈေးနှုန်းများ သတ်မှတ်ဝယ်ယူပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်သူများအတွက် စိုက်ပျိုးနည်းပညာအပြင် ဒေသမျိုးသန့်မျိုးစေ့များ၊ ဆိုလာရေသွင်းစက်များ၊ မြေဩဇာများနှင့် စိုက်ပျိုးစရိတ်ကြိုတင်ထုတ်ပေးသည့်ဝန်ဆောင်မှုများကိုပါ တစ်နေရာတည်းတွင်ရရှိနိုင်ပြီး ပြည်တွင်း၊ပြည်ပဈေးကွက်များနှင့်လည်း အလွယ်တကူချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဝါဝါ



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

"ဆရာကြီး အဲဒါ ဆင်ကြီးတွေလုပ်တာ၊ ဒီကောင်ကြီးတွေပဲ ဝါးပင်တွေကို လှဲတယ်၊ ခြေထောက်ကြီးတွေနဲ့နင်းပြီး ထက်ခြမ်းကွဲအောင်လုပ်တယ်။ အတွင်းက အကာပါးလေးတွေကို သူတို့နှာမောင်းနဲ့ခွာယူပြီး စားကြတာဗျ"

"ဟုတ်လား အံ့သြစရာပဲကွာ၊ ဒါဆို ဒီတောဒီတောင်တွေမှာ ဆင်ကြီးတွေ ရှိကြတာပေါ့ ဟုတ်လား"

"ဟုတ်တယ်ဆရာကြီး၊ ဒီကောင်ကြီးတွေ တစ်ခါတစ်ခါ ရောက်လာတတ်ကြတယ်။ ဟိမဝန္တာဆင်တွေလို့ ပြောကြပါတယ်။ ငှက်ပျောခင်းတွေတွေ့ရင် ဝင်မွှေတယ်။ ဒီကောင်တွေက ဆားဆို အရမ်းကြိုက်တာ၊ လယ်တဲကိုင်းတဲတွေက ဆားအိုးတွေကိုဆွဲချပြီး စားကြတယ်။ ဆောင်းရာသီဆို ချောင်းဝထိဆင်းပြီး ရေငန်မှာ ရေကစားကြတယ်"

"ဟုတ်လား ဒါဆို ဒီဝါးခြမ်းပြားကြီးတွေက အစိမ်းကြီးရှိသေးတာနော်။ ဒီကောင်ကြီးတွေ ဒီနီးနီးနားနားမှာ ရှိနိုင်သေးတယ်ပေါ့၊ ပြန်ကြမယ်ပေါ့၊ ပြန်မယ်၊ လာကြ လာကြ မြန်မြန်လာကြ၊ ပြန်ကြမယ်"

ကျွန်တော့်မှာ ဆင်တွေအကြောင်း ကြားလိုက်ရရာ ကြောက်သွားသလိုဖြစ်လာပြီး ပြန်ရန် တိုက်တွန်းလိုက်ခြင်းဖြစ်သည်။ ကျောင်းသားလေးများကလည်း ကျွမ်းကျင်ရာလိမ္မာကြသည်မို့ နွယ်ကြိုးများကို ဖြတ်ခုတ်ယူပြီး ချောင်းစပ်တွင် စုပုံထားသော မျှစ်စို့ကြီးများကို တစ်နိုင်စီစည်းလိုက်ကြ၏။ မျှစ်စည်းလေးများကို ချောင်းရေထဲသို့ချပြီး ရေစီးနှင့်အတူ မျှောဆင်းလာကြ၏။ ရေစုန်ဖြစ်၍ လာတုန်းကလောက် မပင်ပန်းကြတော့ပေ။

"ဆရာကြီး ဒီကနေ ဆရာကြီးတို့ သရက်တောင်ရွာသွားရင် ဘယ်လောက်လျှောက်ရမလဲဟင်"

"ဝေးတယ်သားရဲ့၊ နံနက် ၇ နာရီက စထွက်ရင် ညနေလောက်မှရောက်တာ၊ တစ်နေကုန်လျှောက်ရတယ်"

"အဝေးကြီးပဲ၊ ဆရာကြီး အရမ်းပင်ပန်းမှာပေါ့၊ သားတို့ လိုက်ပို့ပေးမယ်လေ ဆရာကြီး"

**"ကျွန်တော့်မှာ ဆင်တွေအကြောင်း ကြားလိုက်ရရာ ကြောက်သွားသလိုဖြစ်လာပြီး ပြန်ရန်တိုက်တွန်းလိုက်ခြင်းဖြစ်သည်။ ကျောင်းသားလေးများကလည်း ကျွမ်းကျင်ရာလိမ္မာကြသည်မို့ နွယ်ကြိုးများကို ဖြတ်ခုတ်ယူပြီး ချောင်းစပ်တွင် စုပုံထားသော မျှစ်စို့ကြီးများကို တစ်နိုင်စီစည်းလိုက်ကြ၏။ မျှစ်စည်းလေးများကို ချောင်းရေထဲသို့ချပြီး ရေစီးနှင့်အတူ မျှောဆင်းလာကြ၏။ ရေစုန်ဖြစ်၍ လာတုန်းကလောက် မပင်ပန်းကြတော့ပေ . . ."**

"ရပါတယ်သားရယ်၊ ဆရာကြီးက ပင်လယ်ပြင် လှိုင်းလုံးကြီးတွေကြားမှာ ပိုက်ချငါးရှာလုပ်ရင်း စာကြိုးစားခဲ့လို့ ဆရာဘဝရလာခဲ့တာပါ။ ဒီလောက်ပင်ပန်းတာလောက်တော့ ဘယ်မှုမလဲ၊ ငန်းတောင်ရွာမှာ တာဝန်ကျခဲ့တုန်းကလည်း ဆရာကြီး နေ့စဉ် လျှောက်ပြီး ကျောင်းတက်ခဲ့တာလေ"

"သားတို့ရွာလေးက ဗကပတွေကြောင့် ကျောင်းတွေလည်း ခုမှဖွင့်ရတယ်။ သားတို့တွေ ၁၀ တန်းအောင်ဖို့လိုတယ်။ ဘွဲ့ရဖို့ လိုတယ်။ ကိုယ်တတ်တဲ့ပညာနဲ့ ကိုယ့်ရွာကိုတိုးတက်အောင် လုပ်ကြရမှာကွဲ့"

ကျွန်တော့်စကားကြောင့် ကလေးများမှာ မျက်လုံးဝိုင်းဝိုင်းလေးများနှင့် ကျွန်တော့်ကိုမော့ကြည့်နေကြ၏။ ကျောင်းဆရာဆိုသည်မှာ ပြည်သူ့ဘဝထဲက ပြည်သူ့ဝန်ထမ်းပါပဲ။ ဘယ်လောက်ပဲ တောကြိုတောင်ကြားထဲရောက်နေပါစေ ဆရာဆိုသည့်အသိနှင့် စာသင်ရှုယ်နုအခြေပြုတို့၏ ဘဝအရိုင်းလေးများကို စာပေတတ်အောင်၊ လိမ္မာယဉ်ကျေးအောင်၊ အများအကျိုးဆောင်ရွက်လိုသည့် အခြေခံစိတ်ဓာတ်မျိုးရှိအောင် သင်ပြပေးရမည်မှာ မြတ်ဆရာတို့၏ တာဝန်ပဲမဟုတ်ပါလား။

● ● ● ● ● ● ●

ကျွန်တော် သရက်တောင်သို့ ပြန်တော့မှာမို့ ခူးထားသည့် မျှစ်စို့ကြီးများနှင့် ရွာအရှေ့ပြင်ကိုင်းထဲက ဝယ်ယူထားသော ရှောက်သီး၊ သံပရာသီးများကို ကျောင်းသားလေးများက လှေသို့ချထားပြီးဖြစ်သည်။ လှေလေးမှာ ပစ္စည်းတွေပြည့်နေလေပြီ။

"သားတို့ ခူးပေးလိုက်တဲ့ မျှစ်စို့ကြီးတွေကို ဆွမ်းချက်ပြီး ဘုန်းကြီးကျောင်းလှူမယ်၊ အရပ်ကို မျှဝေပြီးလည်းပေးမယ်၊ သားတို့လည်း ကုသိုလ်ရတာပေါ့"ဟု ကျောင်းသားလေးတွေကို ပြောပြထားသည်။ ကလေးတွေလည်း သူတို့ဆရာအတွက်ဂုဏ်ယူကြ၏။ ကျွန်တော် ခမောက်လေးတစ်လုံးကို ခေါင်းပေါ်တင်ဆောင်းလိုက်သည်။ လှော်တက်လေးတစ်ချောင်းနှင့် ဓားမတိုလေးတစ်ချောင်းကိုကိုင်ကာ လှေဆိပ်သို့ဆင်းလာခဲ့၏။

"မခင်ညိုတစ်ယောက် မီးမဖွားနိုင်ဘူးတဲ့"

"ဒေါ်တင်လှက ဘာပြောလဲ"

"အဲဒီအဘွားကြီးကလည်း ကလေးအနေအထားမမှန်ဘူး၊ သူလည်း မတတ်နိုင်ဘူးတဲ့"

"မခင်ညို ဘယ်လိုနေလဲ"

"သူ့ခမျာလည်း လိုမ့်အော်နေရတာပဲ၊ သနားပါတယ်"

မခင်ညို မီးမဖွားနိုင်သည့်ကိစ္စသည် စည့င်းရွာထဲတွင် အုတ်အော်သောင်းတင်းဖြစ်ရုံသာမက အိမ်ပြန်ခါနီးဖြစ်နေသော ကျောင်းဆရာ ကျွန်တော့်နားထဲသို့ ရောက်လာ၏။ ကျွန်တော် စာတွေထဲမှာ ဖတ်ဖူးသည်များကို ပြန်လည်စဉ်းစားလိုက်၏။ မိခင်၏ဝမ်းထဲက သန္ဓေသားမှာ မွေးချိန်ရောက်လျက် မမွေးနိုင်ခြင်းမှာ မိခင်မွေးလမ်းကြောင်းကျဉ်းခြင်း၊ သန္ဓေသားမှာ လိုအပ်သည်ထက်ပိုဝခြင်း၊ ဗိုက်ထဲ၌ အသက်မရှိတော့၍ ရုန်းအားတွန်းအားမရှိတော့ခြင်း စသောအကြောင်းတရားများကြောင့်ဟု ယေဘုယျနားလည်ထား၏။ အကယ်၍ အသက်ရှိလျက်နှင့် မွေးချိန်တန်၍ မမွေးလျှင် ရေမွှာပေါက်သွားချိန်တွင် ကလေးမှာ ရေမွန်းပြီး သေဆုံးနိုင်ကြောင်း စာတွေထဲမှာ ကျွန်တော်ဖတ်ဖူးသည်။

"ဒီမှာ ကျွန်တော် တစ်ခုပြောမယ်၊ ကိုယ်ဝန်ဆောင်မိခင်ကို ဒီအတိုင်းထားလို့ မရဘူးဗျ၊ မွေးချိန်ကျလို့ မမွေးနိုင်ရင် မိခင်ရော ကလေးပါ အသက်အန္တရာယ်ရှိတယ်"

"အဲလိုဆို ဘယ်လိုလုပ်မှာလဲ ဆရာကြီးရယ်"

"ဘယ်လိုလုပ်ရမလဲဆိုတော့ ကမ်းထောင်ကြီးရွာမှာ တိုက်နယ်ဆေးရုံရှိတယ်၊ အဲဒီမှာ ဆရာဝန်ရှိတယ်၊ အဲဒီပို့တာအကောင်းဆုံးပဲ"

"အဲလိုဆိုရင် ဘယ်လိုလုပ်ကြမလဲ ဆရာကြီးရယ်၊ ရွာမှာလည်း လှေတစ်စင်းမှမရှိတော့ဘူး။ အကုန်လုံးပဲ ထင်းခုတ်၊ ငါးရှာ ထွက်သွားကြပြီ"

ကျွန်တော် တစ်ချက်စဉ်းစားလိုက်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ချလိုက်သည်။

"ဒီလိုလုပ်မယ်ဗျာ၊ ကျွန်တော့်ပစ္စည်းတွေကို လှေပေါ်က အကုန်ပြန်ချမယ်၊ ကျွန်တော့်လှေနဲ့ပဲ သွားကြတာပေါ့၊ ကျွန်တော်ပါ လိုက်ပို့ပေးမယ်ဗျာ၊ ကလေးရော မိခင်ရော စိုးရိမ်ရတယ်"

"ဟာ ဆရာကြီးကို အားနာစရာကြီး၊ ဆရာကြီးပစ္စည်းတွေက ကုန်စိမ်းတွေလေ ဒီနေ့ ဆရာကြီး ရွာမရောက်လို့ ဘယ်လိုဖြစ်မှာလဲ"

"ဒါတွေပြောမနေနဲ့၊ ကျွန်တော့်ပစ္စည်းထက် ခင်ဗျားမိန်းမနဲ့ဗိုက်ထဲကကလေးက အရေးကြီးနေတာဗျ"

ကျွန်တော်နဲ့ မခင်ညိုယောကျ်ားကိုထွန်းသာတို့ မခင်ညို မီးဖွားနိုင်ရေးကိစ္စအတွက် အလျင်စလိုပြောဖြစ်ကြသည်။

**ဆက်လက်ဖော်ပြပါမည်။**


# လှိုင်းဘွဲ့မြို့နယ် မဲဆမိတ်ကျေးရွာ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

လှိုင်းဘွဲ့ နိုဝင်ဘာ ၁၉

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် မဲဆမိတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၁၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ မဲဆမိတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစောစိုးနိုင်ဦး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်လင်းလင်းစောတို့က အဖွင့်အမှာစကားပြောကြားပြီး ဘားအံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း၊ ဘားအံခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ လှိုင်းဘွဲ့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနတို့မှ တာဝန်ရှိသူများက သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လှုပ်ရှားမှုများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုများ၊ မီးခိုးမြူငွေ့ လျှော့ချနိုင်ရေး၊ ကျေးရွာအတွင်း အမှိုက်တွင်းတူးဖော်ခြင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ သစ်တောသစ်ပင်များထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ်အကြောင်းတို့ကို အသီးသီးအသိပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် ကျောင်းသား၊ကျောင်းသူများက သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်ပတ်သက်သည့် ကဗျာများ၊ တေးသီချင်းများ၊ သရုပ်ပြမှုများဖြင့် ဖျော်ဖြေပေးခဲ့ပြီး မဲဆမိတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိသင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြခြင်း၊ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော မူးယစ်ဆေးဝါးနှင့်လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ ကျင်းပနေမှုကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၁၉

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီတက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးမှုနှင့် တင်ဒါအောင်သည့် စာရင်းများထုတ်ပြန်ပေးနေမှု၊ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များ ဖွင့်လှစ်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့်ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့်ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ပြပွဲတွင်ရောင်းချမည့် ပုလဲအတွဲ အမှတ်(၁)မှ အတွဲအမှတ်(၁၄၀) အထိ ပုလဲအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပုလဲအတွဲအမှတ်(၁)မှအတွဲအမှတ်(၁၄၀) အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း(၁၀၈)တွဲရောင်းချရကြောင်းကြေညာသည်။

ယနေ့ရောင်းချခဲ့ရသည့် ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် အခြေခံဈေးသတ်မှတ်ထားပြီး ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့်နိုင်ငံခြားငွေအမျိုးအစားဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

ပြပွဲတတိယနေ့တွင် ပုလဲအတွဲအမှတ်(၁၄၁)မှ အတွဲအမှတ်(၂၈၀)အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့်လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာလ ၁၈ ရက်မှ ၂၇ ရက်အထိကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း(၂၈၀)၊ ကျောက်မျက်အတွဲပေါင်း (၁၆၀)နှင့် အုပ်စု(အေ၊ ဘီ၊ စီ) သုံးအုပ်စုခွဲခြားထားသည့်ကျောက်စိမ်းအတွဲပေါင်း (၄၈၀၀)တို့ကို ပြည်တွင်း ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖိုးတိုးဖိုးနိုင်

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်ကိုယ်စားပြု အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှုအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်အတွင်းရှိ ပြည်ထောင်စုနယ်မြေ နေပြည်တော်အားကစားရုံ၌ စခန်းသွင်းလေ့ကျင့်နေသော ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်ကိုယ်စားပြု အမျိုးသား/အမျိုးသမီး ဘော်လီဘော၊ အမျိုးသား ဘတ်စကက်ဘောနှင့် အမျိုးသားဘိလိယက်နှင့် စနူကာအားကစားသမားများကိုတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဖြည့်စွက်အားဖြည့်စာများ၊ ထောက်ပံ့ငွေများနှင့် အားကစားပစ္စည်းများပေးအပ်သည်။

ထို့နောက် အားကစားနည်းအလိုက် အားကစားသမားများ လေ့ကျင့်နေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက်ဇမ္ဗူသီရိမြို့နယ်တဲကြီးကုန်းကျေးရွာအုပ်စု တဲကြီးကုန်းကျေးရွာ ကွင်းအမှတ် ၁၆၅၉၊ တောင်သူ ဦးအောင်ငွေ၏ မိုးစပါးစိုက်ခင်း၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး မိုးစပါးစံကွက် ရိတ်သိမ်းခြင်း၊ စပါးချိန်တွယ်ခြင်းများကို ကြည့်ရှုအားပေးကြရာ တစ်ဧကလျှင် စပါးအစိုထွက် ၁၄၅ တင်း၊ စပါးအခြောက်ထွက်တင်း ၁၃၀ နှုန်း ထွက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုဝင်ဘာလ ၂၀ ရက်တွင် ကျရောက်မည့် (၃၅)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အကြိုလှုပ်ရှားမှုအခမ်းအနားကို နေပြည်တော်ကောင်စီရုံးဇမ္ဗူသီရိခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင် ကပြဖျော်ဖြေကြသည့် သားငယ်သမီးငယ်လေးများအား နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်ထွန်းတို့က ဂုဏ်ပြုဆုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(၅၀၀)



# (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို ဆေးရောင်ခြယ်ပြိုင်ပွဲ နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် ဂိမ်းပြိုင်ပွဲများကျင်းပ

**စစ်ကိုင်း နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းတို့ပူးပေါင်း၍ (၁၀၄) နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ဆေးရောင်ခြယ်ပြိုင်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဂိမ်းပြိုင်ပွဲများကို နိုဝင်ဘာလ ၁၉ ရက်တွင် စစ်ကိုင်းမြို့ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်မင်းအောင်က ကျောင်းသား၊ ကျောင်းသူများအား အသိပညာ၊ ဗဟုသုတပြည့်စုံစေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများနှင့် တီထွင်ဖန်တီးတတ်သည့်စွမ်းရည်များ တိုးတက်စေရန် ပြိုင်ပွဲများကျင်းပရခြင်းဖြစ်ကြောင်းနှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ကျင်းပရာ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီးနောက် တာဝန်ရှိသူများက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ထို့နောက် ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်း၌ ကျောင်းသား၊ ကျောင်းသူများ ကာယ၊ ဉာဏစွမ်းရည်များဖွံ့ဖြိုးတိုးတက်စေရန် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဘောလုံးပစ်ပြိုင်ပွဲနှင့် တခြားဂိမ်းကစားနည်းပြိုင်ပွဲများကို ကျင်းပပေးပြီး အသိပညာပေးနံရံကပ်စာစောင်နှင့် ဓာတ်ပုံများကိုပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)



# တွံတေးမြို့နယ်၌ မီးခိုး/မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်သစ်တောဦးစီးဌာနမှ မီးခိုး/မြူငွေ့လျှော့ချရေးအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၁၉ ရက်တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။


အခမ်းအနားတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးကိုယ်စား အထက်တန်းပြဆရာမ ဒေါ်နီလာဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တွံတေးမြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးလူမင်းက ရာသီဥတုပြောင်းလဲမှုလျော့နည်းစေရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျော့နည်းစေရေး၊ မီးခိုး/မြူငွေ့လျှော့ချရေး၊ မီးရှို့သည့်အတွက် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများ၊ မီးခိုး/မြူငွေ့နှင့်နယ်စပ်ဖြတ်ကျော် မီးခိုး/မြူငွေ့များဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ ရွှေ့ပြောင်းတောင်ယာ အများဆုံးစိုက်ပျိုးလုပ်ကိုင်သည့် နေရာများနှင့်ကာလများ၊ တောင်ယာစိုက်ပျိုးရန် မီးရှို့သည့်အတွက် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများ၊ မီးခိုး/မြူငွေ့တွင်ပါဝင်သော လေထုညစ်ညမ်းစေသည့် အကြောင်းအရာများနှင့် ဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးများ၊ သစ်တောကဏ္ဍနှင့်ပတ်သက်၍ မီးခိုး/မြူငွေ့လျှော့ချရေးဆိုင်ရာ အကြောင်းအရာများ၊ မီးခိုး/မြူငွေ့ဖြစ်ပေါ်ချိန်များတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ကျောင်းသား၊ ကျောင်းသူများ သိရှိနားလည်သဘောပေါက်စေရန် အသိပညာပေးဟောပြောသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက မီးခိုး/မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများကို ပြန်လည်ဆွေးနွေးရာ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်ဖြေကြားပေးကြသည်။

ထို့နောက် တက်ရောက်လာသော ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက မီးခိုး/မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြကြောင်း သိရသည်။

တွံတေးသား




# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် ရာသီစာ ပိန်းဥစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်

**ပွင့်ဖြူ နိုဝင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် ရာသီစာ ပိန်းဥစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ရာသီစာပိန်းဥစိုက်ပျိုးရေးလုပ်ငန်းကို ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားရန် အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ပိန်းဥသည် စိုက်ပျိုးပြီး ခြောက်လကြာပါက ရောင်းတမ်းဝင်ပိန်းဥများကို တူးဖော်ရောင်းချရကြောင်းနှင့် ယခုနှစ်တွင် ပိန်းဥစိုက်ပျိုးရေးလုပ်ငန်းမှာ ပိုးမွှားရောဂါကျရောက်မှုမရှိသဖြင့် အောင်မြင်ဖြစ်ထွန်းပြီး တစ်ဧကလျှင် ပိန်းဥပိဿာ ၃၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးထားတဲ့ ပိန်းဥစိုက်ခင်းတွေအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းလည်းကောင်းမွန်ပါတယ်။ အခုဆိုရင် တောင်သူတွေက ပိန်းဥစိုက်ခင်းတွေ သိမ်းဆည်းနေကြပြီဖြစ်ပါတယ်။ တစ်ဧကကို ပိန်းဥပိဿာ ၃၀၀၀ ကျော် ထွက်ရှိလို့ ပိန်းဥစိုက်ပျိုးသူတွေ လုပ်ငန်းအဆင်ပြေကြပါတယ်။ ပိန်းဥစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အထွက်နှုန်းကောင်းအောင် ရေမြေဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကြဖို့၊ သွင်းအားစုပစ္စည်းတွေ စနစ်တကျသုံးစွဲကြဖို့ စတဲ့ တောင်သူပညာပေးတာတွေကို ဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ပိန်းဥစိုက်ပျိုးရေးလုပ်ငန်းကို သရက်အုပ်ကျေးရွာ၊ ယောစုကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ပိန္နဲတောကျေးရွာ၊ ဒေးဒရဲကျေးရွာ၊ သာစည်ကျေးရွာနှင့် မုန်းချောင်းဘေးတစ်လျှောက်ရှိကျေးရွာများ၌ ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားရေးအတွက် စီးပွားဖြစ်စိုက်ပျိုးကြသည်။ ယခုနှစ်တွင် ရာသီစာပိန်းဥစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်ကာ ရောင်းချရာတွင်လည်း ဈေးကောင်းရရှိသဖြင့် ပိန်းဥစိုက်ပျိုးသူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# အလုံမြို့နယ်၌ ပန်းအလှဆင်နည်း သင်တန်းဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလုံခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ပန်းအလှဆင်နည်းသင်တန်းကို နိုဝင်ဘာလ ၁၈ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်စိုးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိမွန်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမ ဒေါ်စုစုလွင်က သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စာပေချစ်မြတ်နိုးသူများအသင်းအဖွဲ့ဝင်များ၊ ဆရာမများ၊ ကျောင်းသူများ စုစုပေါင်း ၃၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာလ ၁၈ ရက်မှ ၂၂ ရက်အထိဖြစ်ကြောင်း သိရသည်။

ယောရှော(မြို့နယ် ပြန်/ဆက်)

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။
- ★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။
- ★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။
- ★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။**

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန မုံရွာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းသန်းဝင်းကို ယင်းတက္ကသိုလ်၏ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## တောမီးလောင်ကျွမ်းခြင်းနှင့်မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ထိန်းချုပ်ကာကွယ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြော

ပခုက္ကူ နိုဝင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပခုက္ကူခရိုင်ရုံးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးစီမံချက်အရ ယနေ့နံနက် ၁၀ နာရီတွင် ပခုက္ကူမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထားထားဝေက မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သိကောင်းစရာများခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်အိမ့်သက်ထားက တောမီးလောင်ကျွမ်းခြင်းနှင့်မီးခိုးမြူငွေ့ဖြစ်ပေါ်မှုကို ထိန်းချုပ်ကာကွယ်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသား ၇၀ ဦး၊ ကျောင်းသူ ၉၀ ဦး စုစုပေါင်း ၁၆၀ ဦးတို့အား အသိပညာပေးဟောပြောခြင်း၊ မီးခိုးမြူငွေ့လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမေးခွန်းများမေးမြန်းခဲ့ပြီး ဖြေဆိုနိုင်သူများအား ဆုချီးမြှင့်ခြင်းအစီအစဉ်များဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၀/၂၀၂၄)

၁။ ကလေးများသည် နိုင်ငံ့ရတနာများဖြစ်ကြရာ ကလေးသူငယ်များ၏ မွေးရာပါအခွင့်အရေးများကို နိုင်ငံများမှမြှင့်တင်၊ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of the Child–CRC)ကိုအတည်ပြုချမှတ်ခဲ့ပြီး ယင်းနေ့ကို ကမ္ဘာ့ကလေးများနေ့အဖြစ်သတ်မှတ်ခဲ့ရာ ယခုနှစ်ဆိုလျှင် ၃၅ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် ကမ္ဘာ့ကလေးများနေ့အတွက်ဆောင်ပုဒ်မှာ **“အနာဂတ် သာယာကောင်းမွန်ရေး ကလေးများအသံနားထောင်ပေး” “Listen to the future”** ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသည် ကလေးသူငယ်များ၏အခွင့်အရေးများကို မြှင့်တင်၊ ကာကွယ်စောင့်ရှောက်နိုင်ရန်အလို့ငှာ ၁၉၉၁ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်အတည်ပြုချုပ်ဆိုခဲ့ပြီး ကလေးသူငယ်အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကလေးသူငယ်ဥပဒေကို ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန်ရည်ရွယ်၍ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကိုရုပ်သိမ်းပြီး ၂၀၁၉ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

၃။ ကလေးသူငယ်များသည် နိုင်ငံ၏အနာဂတ်၏လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့်အတွက် ကလေးများငယ်ရွယ်စဉ်ကပင် ကျန်းမာပျော်ရွှင်စွာဖြင့် လွတ်လွတ်လပ်လပ်ကြီးပြင်းလာရန်အရေးကြီးပါသည်။ ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆက်စပ်နေသည်ဖြစ်ရာ ကလေးသူငယ်များဘဝ ကြီးပွားရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အရေးပါသည့် ကလေးသူငယ်အခွင့်အရေးများကိုအလေးထားကာ အစဉ်တစိုက်မြှင့်တင်ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်ပါသည်။

၄။ ကမ္ဘာတစ်ဝှမ်းရှိ ကလေးသူငယ်များသည် ဆင်းရဲမွဲတေခြင်း၊ ပဋိပက္ခများကြုံတွေ့ရခြင်း၊ ပညာသင်ကြားခွင့်မရရှိခြင်းနှင့် ခွဲခြားဆက်ဆံခြင်း ကဲ့သို့သောအခက်အခဲများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုများ လျော့နည်းပပျောက်စေရေး ကြိုးပမ်းအားထုတ်ရာတွင် အစိုးရအဖွဲ့အစည်းတစ်ခုတည်း ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ဘဲ အရပ်ဘက်အဖွဲ့အစည်းများ၊ မိဘများနှင့် ပြည်သူလူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ရန်လိုအပ်ပါသည်။

၅။ ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများဖြစ်သော အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေး၊ လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့်ပေးရေးစသည့်အခွင့်အရေးများကို ကလေးများအားလုံး တန်းတူညီမျှရရှိခံစားနိုင်ရန်နှင့် အနာဂတ်ဘဝသာယာလှပစေရန် ကလေးများ၏အသံကိုနားထောင်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်သည့် ၃၅ နှစ်မြောက် ကမ္ဘာ့ကလေးများနေ့တွင် တိုက်တွန်းဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်

## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ကျောင်းသားလူငယ်များ ဗဟုသုတဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းအခမ်းအနားကို နိုဝင်ဘာလ ၁၈ ရက်တွင် ရှားတောကျေးရွာအခြေခံပညာအထက်တန်းကျောင်းစာသင်ဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိလေးက အသိဉာဏ်ပညာဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ဗလငါးတန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်လူငယ်စကားဝိုင်းဆက်လက်ကျင်းပရာ တပ်ကုန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး ရှားတောကျေးရွာအခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်ဖြိုးလင်း၊ မမြရည်မွန်၊ မမေဇူးမောင်၊ မမိုးဟေမာန်၊ မဆုရတနာတိုးနှင့် မရွှေရွှေယမုံအိမ်တို့က လူငယ်နှင့်စည်းကမ်း၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်အားကစားခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးပြီးနောက် လူငယ်စကားဝိုင်းကို တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များမေးမြန်းကြသည်။

ယင်းနောက် ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိလေးတို့က ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်စကားဝိုင်းတွင် ပြောကြားသည့် ခေါင်းစဉ်များကို ပြန်လည်ပြောပြနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြောင်း သိရသည်။ (၄၁၃)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၁-၂၀၂၄(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ ၇:၁၆ | မေတ္တာပို့ | ၉။ ၁၆:၅၀ | ယဉ်ကျေးလိမ္မာ |
| ၂။ ၇:၂၁ | ဓမ္မပူဇာတေး | | ဓမ္မတေးကဗျာ |
| ၃။ ၇:၄၀ | မျိုးချစ်တပ်မတော် | ၁၀။ ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၄။ ၇:၄၅ | မြန်မာ့ရှုခင်း | ၁၁။ ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား |
| ၅။ ၈:၄၅ | ဓာတ်လမ်းတို | | သတင်းမှန်များ |
| ၆။ ၁၂:၁၀ | ခရီးလည်းသွား | ၁၂။ ၁၉:၀၀ | **တောင်ပိုင်းပိုးလမ်းမသစ်ကြီး** |
| | စကားလည်းဆို | | **တရုတ်-မြန်မာ** |
| ၇။ ၁၃:၁၀ | အမှတ်တရနေ့ရက်များ | | **အခန်းကဏ္ဍ** |
| ၈။ ၁၆:၃၀ | မြန်မာသံစဉ်ချိုနားဝင် | | **အပိုင်း(၅/၆)** |

# နေ့လယ်စာစားပြီး တစ်ရေးအိပ်သင့် မအိပ်သင့်

နေ့လယ်စာစားပြီးတိုင်း လူကြီးများအနေဖြင့် အိပ်ချင်လာကာ ငိုက်မျဉ်းလေ့ရှိကြသည်။ အဆီအအိမ့်နှင့် အချိုအစားများလျှင် လူကြီးများသာမက လူငယ်များတွင်ပါ အိပ်ချင်စိတ်ဖြစ်လေ့ရှိသည်။ ဤသို့ဖြစ်ရခြင်းမှာ စားထားသောအစာများသဖြင့် အစာအိမ်မှ အစာမခြေနိုင်ဘဲ အစာမကြေသဖြင့် ဖြစ်ရခြင်းဖြစ်သည်။

လူကြီးများတွင် အသက်ကြီးလာသောအခါ အစာခြေရည်ထွက်ခြင်းမှာ အားနည်းသွားသဖြင့် ငယ်စဉ်က တစ်နာရီဖြင့်အစာကြေလျှင် အသက်ကြီးလာသောအခါ နှစ်နာရီခန့်ကြာမှသာ အစာကြေနိုင်သည်။ ကြေညက်ခဲသော ကောက်ညှင်း၊ ဆန်ကြမ်းစသည်တို့စားလျှင် ပို၍ဆိုးသည်။ အသက်ကြီးသူများကို အေးသောထမင်း၊ ဆန်ကြမ်း၊ ထမင်းကြမ်းမကျွေးသင့်ပါ။ အစာကြေညက်လွယ်သော ဆန်မျိုးကိုချက်ပြီး ပူပူနွေးနွေးကျွေးလျှင် အစာကြေနိုင်သည်။

လူကြီးများအတွက် နေ့လယ်စာထမင်းစားပြီးလျှင် တစ်ရေးအိပ်စက်ခြင်းသည် အစာကိုကြေစေပြီး ခွန်အားကိုတိုးစေသည်။ ပင်ပန်းနွမ်းနယ်မှုများကို လျော့ကျစေသည်။ စိတ်လန်းဆန်းစေသည်။ အကြောအခြင်များကို လျော့ပါးစေသည်ဟု ရှေးကအာယုဗ္ဗေဒ သိမ်ဖြူဆေးသိပ္ပံဆရာတော်ကြီးက အမိန့်ရှိခဲ့ဖူးသည်။

နေ့လယ်စာစားပြီး အားရှိစေရန်၊ အစာကြေစေရန် အိပ်စက်ခြင်းသည် ကောင်းသော်လည်း နာရီဝက်သို့မဟုတ် တစ်နာရီခန့်သာ အိပ်စက်သင့်သည်။ ထို့ထက်ပို၍ ညနေစောင်းသည်အထိ အိပ်စက်လျှင် ဖျားတတ်သည်။ စိတ်လက်မကြည်ဘဲ နေရထိုင်ရခက်တတ်သည်။ ညနေအထိအိပ်လျှင် ဝမ်းချုပ်တတ်သည်။ စမြင်းခံတတ်သည်။ လူကြီးများတွင် ဝမ်းချုပ်စမြင်းခံလျှင် အညောင်းကိုက်ရောဂါဖြစ်တတ်သည်။

နေ့လယ်ခင်းအိပ်လျှင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ရန်မလို မှေးစက်ရုံမျှသာဖြစ်သင့်သည်။ ခေါင်းအုံးခပ်မြင့်မြင့်ဖြင့် ဇက်ကို မတ်မတ်ထားပြီး အိပ်ပါ။ ဘေးတစောင်းခွေပြီးမအိပ်သင့်ပါ။ ပက်လက်အနေအထားဖြင့် အိပ်လျှင် အစာအိမ်မှ အစာခြေရည်နှင့် ခြေပြီးအစာများ အောက်ဘက်အူသိမ်အူမများသို့ စီးဆင်းရန်လွယ်ကူသည်။ တစ်ဖက်သို့စောင်းအိပ်လျှင် အူသိမ်ဦးပိုင်းတွင် အစာလမ်းကြောင်းပိတ်ဆို့ပြီး လေနာဖြစ်တတ်သည်။

အစာအိမ်၏အထွက်တွင် အူသိမ်ဦးပိုင်းဟုခေါ်သော အကောက်ကလေးရှိသည်။ ခန္ဓာဗေဒဘာသာတွင် Duodenum ဟုခေါ်သည်။ အစာအိမ်ကြီးနှင့် အာဟာရကို စုပ်ယူမည့် အူသေးများ (Small intestine) ကို ဆက်သွယ်ပေးသောနေရာဖြစ်သည်။ ထိုနေရာတွင် သည်းခြေအိတ်မှ ထွက်သောအစာခြေရည်နှင့် ပန်ကရိယမှထွက်သော အစာခြေရည်နှစ်မျိုးပေါင်းစပ်ပြီး အဆီခဲပါသောအစာနှင့် အချိုဓာတ်တို့ကို အစာခြေပေးသည်။ ထိုအကောက်ကလေးသည် အစာခြေမှုတွင် အရေးကြီးသော အင်္ဂါအစိတ်အပိုင်းဖြစ်သည်။

ထမင်းစားပြီး ခွေခေါက်အိပ်လေ့ရှိသူများ၊ အဆီဖတ်၊ အဆီခဲများ လွန်ကဲစွာစားသုံးသူများနှင့် အပူအစပ်၊ အရက်သေစာသောက်စားမှုလွန်ကဲသူများတွင် အစာအိမ်သာမက အူသိမ်ဦးပိုင်းတွင် အနာဖြစ်နိုင်သည်။ အနာဖြစ်လိုက် ဆေးကုလိုက်နှင့် ကြာလျှင် အနာဖေးတက်ပြီး အနာရွတ်များကြောင့် အူသိမ်ဦးပိုင်းထွက်လမ်းကျဉ်းမြောင်းပြီး ပိတ်ဆို့သွားသောအခါ ခွဲစိတ်ကုသရသည်အထိ ဖြစ်နိုင်သည်။

**"ထမင်းစားပြီး ခွေခေါက်အိပ်လေ့ရှိသူများ၊ အဆီဖတ်၊ အဆီခဲများ လွန်ကဲစွာစားသုံးသူများနှင့် အပူအစပ်၊ အရက်သေစာသောက်စားမှုလွန်ကဲသူများတွင် အစာအိမ်သာမက အူသိမ်ဦးပိုင်းတွင် အနာဖြစ်နိုင်သည်။ အနာဖြစ်လိုက် ဆေးကုလိုက်နှင့်ကြာလျှင် အနာဖေးတက်ပြီး အနာရွတ်များကြောင့် အူသိမ်ဦးပိုင်းထွက်လမ်းကျဉ်းမြောင်းပြီး ပိတ်ဆို့သွားသောအခါ ခွဲစိတ်ကုသရသည်အထိဖြစ်နိုင်သည် . . ."**

အစာအိမ်နာ၊ အူသိမ်နာဖြစ်ဖူးသူများသည် အစာစားလျှင်လည်း ဗိုက်နာ၊ အစာစားချိန်မစားရလျှင်လည်းဗိုက်နာလေ့ရှိသည်။ အစာကိုများစွာမစားဘဲ လျှော့စားသင့်သည်။ နည်းနည်းချင်းဖြင့် အကြိမ်များများစားပေးလျှင် အစာခြေနိုင်သည်။ တစ်နေ့ ထမင်းနှစ်ကြိမ်စားမည့်အစား သုံးကြိမ်၊ လေးကြိမ် နည်းနည်းချင်းစားလျှင် ပိုကောင်းသည်။ အစာအိမ်ရောဂါကို အစာစားနည်းစနစ်ပြောင်းပြီး ကုသနိုင်သည်။

အပူ၊ အစပ်၊ အကြော်အလှော်နှင့် အကင်များသည် အစာအိမ်နာရှိသူနှင့် လုံးဝမသင့်လျော်ပါ။ အရက်နှင့် ဆော်ဒါအပြင် ဂက်စ်ပါသော အချိုရည်များကိုပါ ရှောင်သင့်သည်။ ယင်းတို့သည် အစာအိမ်နာကို ခေတ္တမျှသက်သာစေသော်လည်း အစာအိမ်ကိုရောင်စေပြီး အစာခြေရည်ကို ဓာတ်ပျက်စေနိုင်သောကြောင့် ဖြစ်သည်။ အစာစားပြီးလျှင် ငြိမ်ငြိမ်ထိုင်နေခြင်းနှင့် လှုပ်ရှားနေခြင်းတို့တွင် လှုပ်ရှားနေခြင်းက ပို၍အစာကြေစေနိုင်သည်။

ကြေသောအစာကို အူသိမ်ဦးပိုင်းမှ အောက်ပိုင်းသို့ လျင်မြန်စွာသက်ဆင်းစေနိုင်သည်။ လူငယ်၊ လူလတ်ပိုင်းများတွင် အစာစားပြီးလျှင် ထိုင်မနေဘဲ လှုပ်ရှားသွားလာမှုပြုလုပ်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ သွေးလှည့်ပတ်မှုအားကောင်း၊ အစာခြေအားကောင်းသည့် အရွယ်တွင် နေ့လယ်အိပ်စက်ခြင်းသည် အကျိုးမရှိပါ။

လူငယ်၊ လူလတ်များနှင့် အသက် ၅၅ နှစ်ကျော်လာသော လူကြီးပိုင်းများ အစာခြေရည်ထုတ်နိုင်အားမတူပေ။ အာယုဗ္ဗေဒ ဆေးပညာအလိုအရလည်း ဝမ်းမီးအားမတူကြပေ။ လူငယ်များတွင် ဝမ်းမီးအားကောင်းနေသဖြင့် စားသမျှကြေနိုင်သည်။ လူကြီးများတွင် ဝမ်းမီးအားနည်းလာပြီး အစာမကြေနိုင်သဖြင့် နေ့လယ်ထမင်းစားပြီးလျှင် အိပ်ငိုက်ခြင်းဖြစ်သည်။

တက်စာများဖြစ်သော ဆူးပုပ်ကြီး၊ ပဲကြီး၊ တညင်းသီး၊ ငါးသလောက်၊ မျှစ်ချဉ်၊ ငါးဥများ၊ ငါးချဉ်၊ ပုစွန်ချဉ်၊ တမာချဉ်၊ ကြက်ဟင်းခါးသီး၊ ကြောင်လျှာသီး၊ ခွေးတောက်ရွက်၊ ငါးပိကောင်၊ ငံပြာရည်ချက်စသည်တို့စားပြီးသောအခါ အိပ်ချင်လာသည်။ ထိုကဲ့သို့ တက်စာနှင့်နေ့လယ်စာစားပြီးလျှင် ခေတ္တအိပ်စက်ခြင်းဖြင့် အတက်သက်သာပြီး လူလည်းလန်းဆန်းစေနိုင်သည်။ သွေးတိုးရောဂါရှိသူများလည်း နေ့လယ်တွင် အိပ်စက်အနားယူခြင်းဖြင့် သွေးပေါင်တက်ခြင်းကို သက်သာစေနိုင်သည်။

ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင် နေခဲ့ဖူးရာ ဆရာတော်ကြီးသည် နေ့လယ်ဆွမ်းစားပြီးနောက် တစ်ရေးကျိန်းစက်လေ့ရှိသည်ကို အမှတ်ရမိသည်။ သံဃာတော်များသည် လူများကဲ့သို့ ညနေစာစားလေ့မရှိသဖြင့် နေ့ဆွမ်းကို အဝဘုဉ်းပေးလေ့ရှိကြသဖြင့် အစာကြေခဲခြင်းဖြစ်သည်။ ဆွမ်းစားပြီး အချိုပွဲများ ကပ်လေ့ရှိကြရာ ပို၍အစာကြေခဲသည်။

အစာမကြေလျှင် လေဖြတ်နိုင်သဖြင့် ညနေချိန်တွင် ထန်းလျက်နှင့်ဖျော်သော မန်ကျည်းဖျော်ရည်၊ ဥသျှစ်သီးဖျော်ရည်၊ သစ်သီးဖျော်ရည်များ ကပ်ပေးခြင်းဖြင့် သံဃာတော်များကို လေရောဂါမှကင်းဝေးစေနိုင်မည်ဖြစ်သည်။

ဝမ်းသက်လွယ်သူများသည် နေ့လယ်စာစားပြီးလျှင် ရေနွေးကြမ်းသောက်ပေးလျှင် အစာကြေပြီး ဝမ်းမှန်စေသည်။ ဝမ်းချုပ်တတ်သူများမှာ နေ့လယ်စာစားပြီးလျှင် သစ်သီးဖျော်ရည်တစ်ခုခုသောက်ပေးလျှင် ဝမ်းမှန်စေနိုင်သည်။ ငှက်ပျောသီးဖီးကြမ်း၊ ရှောက်သီးဖျော်ရည်သောက်ပေးလျှင်လည်း ဝမ်းချုပ်ခြင်း၊ စမြင်းခံခြင်းဘေးမှ ကင်းဝေးစေနိုင်သည်။

နေ့လယ်စာနှင့် ညနေစာများစားလျှင် မိမိစားသောအစာတွင် ပါဝင်သည့်အရာကိုလိုက်၍ ဆင်ခြင်သင့်သည်မှာ ဥပမာ- ချဉ်ပေါင်ဟင်း၊ ပဲဟင်းစသော ဝမ်းသက်စေသည့်အစာများပါလျှင် ထမင်းစားပြီးသောအခါ ရေနွေးကြမ်းအဖန်ရည် သောက်သင့်သည်။ ကြက်သား၊ ဆိတ်သား၊ အမဲသား၊ ကောက်ညှင်း၊ တညင်းသီး၊ ဒံပေါက်၊ အုန်းထမင်းစသည်တို့စားပြီးလျှင် အစာကြေစေရန် ရှောက်သီးဖျော်ရည်၊ သံပရာဖျော်ရည်၊ လိမ္မော်ဖျော်ရည်၊ ကမ္ဘလာသီးဖျော်ရည်များ သောက်သုံးသင့်သည်။ အစာပိတ်သောက်မည့်အရည်ကို အပူ၊ အအေးသင့်ရာ ရွေးချယ်နိုင်လျှင် အစာအိမ်ကိုမထိခိုက်ဘဲ အစာကြေစေပြီး ဝမ်းမှန်စေနိုင်မည်ဖြစ်သည်။

နေ့လယ်စာစားပြီး တစ်ရေးအိပ်ခြင်းသည် လူငယ်များအတွက် မသင့်လျော်သော်လည်း သံဃာတော်များ၊ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးချို့တဲ့နေသူ၊ သွားလာလှုပ်ရှားမှုမပြုနိုင်သူများတွင် ကောင်းသောအပြုအမူဖြစ်သည်။ တစ်ရေးအိပ်စက်ခြင်းဖြင့် တခြားအာရုံထွေပြားမှုမရှိတော့သဖြင့် ခန္ဓာကိုယ်၏အပူဓာတ်မှန်သမျှသည် ဝမ်းမီးကို အားဖြည့်ပေးသဖြင့် အစာခြေအားကောင်းစေနိုင်သည်။

ဝမ်းမီးကောင်းသဖြင့် ခြေသောအစာသည် ဝမ်းမချုပ်၊ စမြင်းမဖြစ်စေဘဲ နောက်တစ်ကြိမ် ဆာလောင်ခြင်းကို အားပေးသဖြင့် နောက်တစ်နေ့တွင်လည်း စားကောင်းလာမည်ဖြစ်ပါကြောင်း ရိုးရာဆေးပညာအမြင်ရှုထောင့်မှ လေ့လာမိသမျှ ရေးသားတင်ပြလိုက်ရပါသည်။

**ကြည်လွင်မြင့်(မုဒြာ)**

---

## အင်္ဂပူမြို့နယ် မြို့မစည်ပင်သာယာဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြ



အင်္ဂပူ နိုဝင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ်ရှိ မြို့မစည်ပင်သာယာဈေးနှင့် ဈေးများ၌ ပွင့်လင်းရာသီတွင် မီးလောင်မှု မီးလန့်မှုများမဖြစ်ပွားစေရေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်လျက်ရှိရာ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာလ ၁၉ ရက်တွင် အင်္ဂပူမြို့နယ် မြို့မစည်ပင်သာယာဈေး၌ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းသိန်းဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်မှုငြိမ်းသတ်နည်းနှင့် မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုတို့ကို လက်တွေ့သရုပ်ပြလေ့ကျင့်ကြသည်။

အဆိုပါ လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်နေမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးသီဟ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးနေမျိုးအောင်နှင့်ဝန်ထမ်းများ၊ အင်္ဂပူမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ညီဝင်းကျော်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

(၂၃)ကြိမ်မြောက်
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်
မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ( ၂၀၊ ၂၁၊ ၂၂ )ရက် နေပြည်တော်

# ဆုံဆို့ မေးခိုင်ကာကွယ်ဆေး(DT)ဒုတိယအကြိမ်ထပ်ဆောင်းထိုးနှံ့ ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)ထိုးနှံ့ပေး



**ကန်ကြီးထောင့် နိုဝင်ဘာ ၁၉**

ရေဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သော KG ကျောင်းသား၊ ကျောင်းသူများကို ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေး (DT) ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေး ကျောင်းအခြေပြုထိုးနှံ့ပေးခြင်းနှင့် အသက်ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ကျောင်းအခြေပြုထိုးနှံ့ပေးခြင်းကို နိုဝင်ဘာလ ၁၈ ရက် နံနက်ပိုင်းမှစတင်၍ ကန်ကြီးထောင့်အခြေခံပညာအထက်တန်းကျောင်း၊ ဒါးကအခြေခံပညာအထက်တန်းကျောင်းနှင့် တကုန်းကြီးအခြေခံပညာအထက်တန်းကျောင်း တို့၌ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကန်ကြီးထောင့်မြို့နယ်ရှိ ကျန်းမာရေးဆရာမများက အဆိုပါဆေးထိုးစုရပ်ကျောင်းများရှိ အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သော KG ကျောင်းသား၊ ကျောင်းသူများနှင့် အသက်ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်မကျော်သော ကျောင်းသူများအား သွေးပေါင်ချိန်တိုင်းတာခြင်း၊ စာရင်းရေးသွင်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကိုဆောင်ရွက်ပေးသည်။ ထို့နောက် ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေး (DT) ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေးနှင့် ( HPV ) သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးကို စနစ်တကျထိုးနှံ့ပေးသည်။

ထို့နောက်အဆိုပါကာကွယ်ဆေးများ ထိုးနှံ့ပေးရာတွင် ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ စာသင်ကျောင်း ၁၉၉ ကျောင်းမှ အသက်ငါးနှစ်ပြည့်ပြီးခုနစ်နှစ်မကျော်သော ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၃၂၀၀ ဦးနှင့် အသက်ကိုးနှစ်ပြည့်ပြီးအသက် ၁၀ နှစ်မကျော်သောကျောင်းသူပေါင်း ၁၃၅၇ ဦးတို့ကို ထိုးနှံ့ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **ကျော်ဇင်စိုး (ပြန်/ဆက်)**

# မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် စိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ဧက ၂၀၀၀ ကျော် အောင်မြင်ဖြစ်ထွန်း



**မင်းဘူး နိုဝင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်ရှိ ကျေးရွာများ၌ ဖူးစားပြောင်း စိုက်တောင်သူများသည် ယခုနှစ်တွင် ဧက၂၁၀၀ စိုက်ပျိုးထားကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပြောင်းစိုက်ပျိုးသူများထံမှ သိရသည်။

ဖူးစားပြောင်းများစိုက်ပျိုးရာတွင် အစိုဓာတ်ကောင်းစွာရရှိရန်လိုအပ်ပြီး နွေနှင့်ဆောင်းရာသီများ၌ စိုက်ပျိုးလျှင် ရေသွင်း၍မြေအစိုဓာတ်အတွက် ရေလုံလောက်စွာရရှိရန် ပြုလုပ်ပေးရသည်။ စိုက်ပျိုးပြီးအပင်များကြီးထွား၍ ဝတ်ဆံတည်ချိန်တွင် အပင်များအားထိခိုက်ပြီး ဝတ်ဆံကြွေလွင့်မသွားအောင် ဂရုစိုက်ပေးရသည်။ ဖူးစားပြောင်းများသည် စိုက်ပျိုးပြီးနှစ်လအကြာတွင်ဖူးစပြုပြီး သုံးလအတွင်း ခုတ်၍ ရောင်းချနိုင်သည်။ ပြောင်းဖူးပင်များကို စနစ်တကျစိုက်ပျိုးထားပါက ပြောင်းဖူးအထွက်နှုန်းများ ပို၍ကောင်းစေသည်။ ဖူးစားပြောင်းများကို ပြောင်းကြမ်း၊ သကြားပြောင်း၊ ပြောင်းစေးဟူ၍သုံးမျိုးရှိပြီး ပြောင်းကြမ်းမှာ တိရစ္ဆာန်များအတွက်သာ စိုက်ပျိုးကြသည်။

ပြောင်းဖူးများစိုက်ပျိုးရာတွင် ကြဲပက်ခြင်း၊ အတန်းလိုက်အစေ့ချစိုက်ပျိုးခြင်း စသည်ဖြင့် အမျိုးမျိုးရှိသော်လည်း အတန်းလိုက်အစေ့ချ၍ စနစ်တကျစိုက်ပျိုးခြင်းဖြင့် ရေသွယ်ခြင်း၊ ဆေးဖျန်းခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းများ ပြုလုပ်ပေးနိုင်သည့်အတွက် ပြောင်းဖူးပင်များ ပို၍ရှင်သန်ကြီးထွားသည်။ ပြောင်းဖူးပင်များမှာ တစ်ဧကအပင်ရေ ၁၀၀၀၀ ဝန်းကျင်ရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် ပြောင်းစိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ဇေယျာထက်(မင်းဘူး)**

## လေနှောက်ချိန်

❏ သစ်တစ်ပင်တည့်
ငြိမ်ချင်ပါလျက်၊ အငြိမ်ခက်ရ
ကိုင်းရွက်ပင်စည်၊ လေပင့်ချီ၍
ဟိုသည်ယိမ်းနွဲ့ ဣန္ဒြေမဲ့။

❏ တိမ်တစ်မျှင်တည့်
ငြိမ်ချင်ပါလျက်၊ အငြိမ်ခက်ရ
ထက်မိုးယံမြင့်၊ လေအပင့်ဝယ်
ကစဉ့်ကလျား လွင့်စဉ်သွား။

❏ ရေအပြင်တည့်
ငြိမ်ချင်ပါလျက်၊ အငြိမ်ခက်ရ
သက်ရောက်စေခိုင်း၊ လေအရိုင်းကြောင့်
လှိုင်းတန်မတ်စောက် တောင်နှယ်မောက်။

❏ ကျောင်းတော်သာဝယ်
ပညာငုံဖူး၊ အထူးထူးကို
ဆည်းပူးအံ့ရည်၊ လို့လချီခိုက်
တည်ငြိမ်ချင်လျက်၊ ရည်ရွယ်ပျက်အောင်
အဖျက်လှို့ဆော်၊ မသူတော်တို့
လော်လည်ဖောက်ပြား၊ "လေ" အလားသို့
သင့်အားပူးကပ်၊ သတိချပ်လေ့
မလပ်စေသင့် ကြံတွေးချင့်ပါ့။

❏ "တိမ်" နှင့် "သစ်ပင်"၊ "ရေ" ဖြစ်အင်ကို
ဉာဏ်ယှဉ်မနှောင်း သိစေကြောင်း။ ။

**ချစ်စုအောင်**

# ပဲစင်းငုံစိုက်ခင်းများတွင် ပိုးမွှားရောဂါ ကျရောက်မှုရှိ မရှိ ကွင်းဆင်းစစ်ဆေး

**ကျွန်းလှ နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ရာသီအလိုက်ပဲမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ယခုနှစ်မိုးရာသီက စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများတွင် ပိုးမွှားရောဂါကျရောက်မှုရှိ၊ မရှိကွင်းဆင်းစစ်ဆေးသည်။

" ကျွန်းလှမြို့နယ်မှာ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို မြေပဲ၊ ပြောင်းသီးနှံတို့နဲ့လည်း သီးညှပ်စိုက်ပျိုးကြပါတယ်။ အခုအခါ ပဲစင်းငုံစိုက်ခင်းတွေမှာ ပန်းပွင့်ချိန်ပင်ညှိုးရောဂါဖြစ်တတ်ပြီး ပွင့်ထွေးရောဂါကျရောက်တတ်တဲ့အတွက် ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ပါတယ်။ သီးထပ်စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်၌ ပဲစင်းငုံ ၁၁၅၃၅ ဧက၊ ပဲတီစိမ်း ၅၄၁၅ ဧကစုစုပေါင်း ဧက ၁၆၉၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# သီတဂူစက္ခုဒါနဆေးရုံတော်၌ (၈)ကြိမ်မြောက် မျက်စိဝေဒနာရှင်များကို အခမဲ့စမ်းသပ် စစ်ဆေး ခွဲစိတ်ကုသပေးမည်



**ရန်ကုန် နိုဝင်ဘာ ၁၉**

နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရ၏ ဩဝါဒကိုခံယူ၍ သီတဂူမျက်စိအထူးကုဆရာဝန်ကြီးများက (၈)ကြိမ်မြောက် မျက်စိဝေဒနာရှင်များကို အခမဲ့စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်းများကို နိုဝင်ဘာလ ၂၂ မှ ၂၇ ရက်အထိ သီတဂူမျက်စိအလှူတော်ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ(၈)ကြိမ်မြောက် သီတဂူမျက်စိအလှူတော်အစီအစဉ်ကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)တွင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နိုဝင်ဘာလ ၃၀ ရက်တွင် မျက်စိအခမဲ့ခွဲစိတ်မှုခံယူထားသူများကို အမြင်အာရုံကောင်း မကောင်း၊ မျက်စိထဲတွင်ထည့်ပေးထားသည့် Lens လေးများ စောင်းသွားခြင်းရှိ၊ မရှိ၊ တည့်မတည့်၊ နေရာရွေ့၊ မရွေ့အပြင် ခွဲစိတ်ထားသူများ၊ မျက်စိအောင့်ခြင်း၊ ကိုက်ခဲခြင်းများအတွက် အထူးကုဆရာဝန်ကြီးများက စစ်ဆေးပြီးလိုအပ်သည့် ဆေးဝါးထုတ်ပေးခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

သီတဂူဆရာတော်ကြီးသည် ၁၉၉၀ ပြည့်နှစ် မတ်လ ၁၀ ရက်တွင်စစ်ကိုင်းတောင်ရိုး၌ သီတဂူအာယုဒါနဆေးရုံတော်ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါတွင် သီတဂူဆေးရုံတော်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွင့်လှစ်ပေးခဲ့ရာ ဆေးရုံတော်ပေါင်း၄၄ ရုံထိဖွင့်လှစ်ခဲ့ပြီး မျက်စိဝေဒနာရှင်ပေါင်းနှစ်သန်းကျော်ကို ကြည့်ရှုပေးခဲ့ပြီး ငါးသိန်းခန့်ကို မျက်စိအလင်းအလှူပေးနိုင်ခဲ့ကြောင်း သိရသည်။

**လင်းခန့်**

# တရုတ်ဘာသာစကားပြော HSK–II သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန တရုတ်ဘာသာစကားပြော HSK–II သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့်တာဝန်ရှိသူများ၊ ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ကြီး ဦးစက်တီးနှင့် သင်တန်းနည်းပြ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး နယ်ရုံးခွဲများမှ တာဝန်ခံများနှင့် အရာထမ်း၊ အမှုထမ်းများက Video Conferencing စနစ်ဖြင့်တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းမှာ ဝန်ဆောင်မှုကို အဓိကထားဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်သဖြင့် လာရောက်လည်ပတ်ကြသည့် ခရီးသည်များကို ၎င်းတို့၏ ဘာသာစကားဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးမှာ အရေးကြီးကြောင်း၊ ဝန်ကြီးဌာနအစီအစဉ်ဖြင့် တရုတ်ဘာသာစကားပြောသင်တန်းများအပြင် အင်္ဂလိပ်၊ ရုရှား၊ ဂျပန်၊ ကိုရီးယားနှင့် ထိုင်းအစရှိသည့် ဘာသာစကားသင်တန်းများကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ကြီး ဦးစက်တီးက ဆက်လက်သင်ကြားပို့ချပေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တရုတ်ဘာသာစကားပြော HSK–II သင်တန်းဖွင့်လှစ်သင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ တရုတ်ဘာသာစကားပြောသင်တန်း HSK–II ကို သင်တန်းကာလ ၂ လ ကြာသင်ကြားပို့ချသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများတက်ရောက်သွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည့် Yangon International Hotel ၏ဥက္ကဋ္ဌ Mr. KOKI ONODERA ကို ဝန်ကြီးရုံး၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသများကို ဂျပန်နိုင်ငံတွင် မြှင့်တင်ကြော်ငြာသွားမည့်ကိစ္စရပ်များ၊ ဂျပန်ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်ရေးအတွက် ဖိတ်ခေါ်သွားမည့်အစီအစဉ်များနှင့် မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းများကို ဂျပန်လူမျိုးများသိရှိအောင် ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# ၂၀၂၄ ခုနှစ် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကျင်းပရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၉**

(၁၀၄)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ကျင်းပရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ပညာရေးဝန်ကြီးဌာနရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် နေပြည်တော်ကောင်စီမှ အမျိုးသားအောင်ပွဲနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကျင်းပရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ(၂) ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အမျိုးသားအောင်ပွဲနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုပေးကြစေလိုကြောင်း ပြောကြား သည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုတင်ပြကြပြီး အမျိုးသားအောင်ပွဲနေ့အကြို လှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရေးနှင့် အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို စီမံချက်နှင့်အညီ အောင်မြင်စွာကျင်းပသွားနိုင်ရေးညှိနှိုင်းဆွေးနွေးကြကာ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာန(တွံတေး)ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဦးတင်အောင်နှင့် ဦးသန်းဝင်းတို့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ်ရှိ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနအတွင်း လက်ခံစောင့်ရှောက်သင်ကြားပေးလျက်ရှိသော အမျိုးသမီးများကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတိုးတက်ကောင်းမွန်လာစေရန်၊ အခြေခံလူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးမှု အခြေအနေများနှင့် ကော်မရှင်မှ ယခင်လာရောက်စစ်ဆေးခဲ့စဉ်က အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

## အားကောင်းသောအပူပိုင်းမုန်တိုင်း “မန်ရီ” အနောက်ဘက်သို့ရွေ့လျားခဲ့ပြီး အပူပိုင်းမုန်တိုင်း “မန်ရီ”အဖြစ်သို့အားလျော့သွား

**နေပြည်တော် နိုဝင်ဘာ ၁၉**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသောအပူပိုင်းမုန်တိုင်း “မန်ရီ” (MAN–YI) သည်အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အပူပိုင်းမုန်တိုင်း “ မန်ရီ”(MAN–YI) အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါအပူပိုင်းမုန်တိုင်း “ မန်ရီ” (MAN–YI) သည် အနောက်–အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာလ ၂၀ ရက် နံနက်ပိုင်းတွင် ဟိုင်နန်ကျွန်းအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

# ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရေလမ်းကြောင်းများဖော်ထုတ်ခြင်းနှင့် ရှေးဟောင်းရေကန် ၉၁ ကန် ပြန်လည်တူးဖော်ထိန်းသိမ်းကန်ဆယ်ခြင်းလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ဝန်ကြီးဌာနများနှင့် ရေကန်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၉

ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရေကြီးရေလျှံမှုများ ထပ်မံမဖြစ်ပေါ်စေရေးနှင့်ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေလမ်းကြောင်းများဖော်ထုတ်ခြင်းနှင့် ရှေးဟောင်းရေကန် ၉၁ ကန် ပြန်လည်တူးဖော်ထိန်းသိမ်းကန်ဆယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ဝန်ကြီးဌာနများနှင့် ရေကန်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့တွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီးများနှင့် ရေကန်အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်၊ UNESCO ၏ အကြံပြုချက်တို့ကို အကောင်အထည်ဖော်ရန်အတွက် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းရေကန် ၁၀၆ ကန်အနက် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းရန် လိုအပ်သောရေကန် ၉၁ ကန်ကို ကွင်းဆင်းလေ့လာခဲ့ပါကြောင်း၊ ပုဂံခေတ်ရှေးဟောင်းရေလမ်းကြောင်း အဓိကသုံးကြောင်းကိုလည်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ ပူးပေါင်းကူညီမှုဖြင့် ပြန်လည်ဖော်ထုတ်ပြုပြင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရေလမ်းကြောင်းများဖော်ထုတ်နေမှုအခြေအနေနှင့် ရေကန်များအား ပြုပြင်ထိန်းသိမ်းတူးဖော်ကန်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆောင်ရွက်ဆဲအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့ကို Power Point၊ Video Short Clip များဖြင့် အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်ဒုတိယဝန်ကြီးများက ပုဂံဒေသရှိ ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ရန် ရေကန်တစ်ကန်ချင်းလှူဒါန်းခဲ့သည့် အလှူရှင် ၃၂ ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံနှင့် ရေကန်ဆိုင်ရာအချက်အလက်များကို ပေးအပ်ရာ အလှူရှင်များကိုယ်စား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သူရဦးမြင့်မောင်က ရေကန်များလှူဒါန်းရခြင်းအကြောင်းနှင့် ရေကန်များလှူဒါန်းရသဖြင့် ဝမ်းမြောက်သဒ္ဓါပွားများရပါကြောင်း ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပိဋကတ်သုံးပုံ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ တိပိဋကပါဠိ မြန်မာအဘိဓာန်အား အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် အန္တရာယ်ကင်းပရိတ်တော်များ ပုံနှိပ်ထုတ်ဝေနေမှုများကို ပြည်ထောင်စုဝန်ကြီးက ဗီဒီယိုမှတ်တမ်း၊ ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသောအလှူရှင်များကို ခင်းကျင်းပြသထားသည့် အဋ္ဌကထာစာအုပ်များ၊ ပိဋကတ်သုံးပုံ အင်္ဂလိပ်ဘာသာပြန်စာအုပ်များ၊ အဘိဓာန်စာအုပ်များ၊ အန္တရာယ်ကင်းပရိတ်တော်စာအုပ်များကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

(၅၀၀)

## အာဆီယံ-ဟဲနန် စားရေရိက္ခာနှင့် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟဲနန်ပြည်နယ် ကျန်းကျိုးမြို့၌ နိုဝင်ဘာလ ၂၀ ရက်မှ ၂၂ ရက်အထိကျင်းပမည့် အာဆီယံ-ဟဲနန် စားရေရိက္ခာနှင့် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဆွေးနွေးပွဲ(ASEAN-Henan Cooperation Conference on Food and Agriculture) သို့ တက်ရောက်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

(သတင်းစဉ်)

## ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးညီလာခံသို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၁၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရေးဝန်ကြီး Mr. HUAI Jinpeng ၏ ဖိတ်ကြားချက်အရ ထျန်းကျန်းမြို့၌ နိုဝင်ဘာလ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးညီလာခံသို့ တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြောင်းသိရသည်။

(သတင်းစဉ်)

## ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပနေမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၁၉

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အခြေခံပညာအထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲအား ယခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဆောင်ပုဒ်ဖြစ်သည့် "အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှုမြှင့်တင်ပေး" ခေါင်းစဉ်ဖြင့် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်၌ ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးကြသည်။

စာစီစာကုံးပြိုင်ပွဲသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ၁၅ ဦး၊ ကျောင်းသူ ၆၉ ဦး စုစုပေါင်း ၈၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြောင်းသိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Sajjad Mohammad Sajid ကို အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNOCHA အဖွဲ့မှ မြန်မာနိုင်ငံအတွင်း ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ဝေးလံခက်ခဲသောနေရာများရှိ အကူအညီလိုအပ်သူများအား လူသားချင်းစာနာမှု အထောက်အပံ့များပေးအပ်နိုင်ရေးကိစ္စ၊ နယူးယောက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများ၏ အရေးပေါ်ကိစ္စရပ်များဆိုင်ရာညွှန်ကြားရေးမှူးများအဖွဲ့၏မြန်မာနိုင်ငံခရီးစဉ်လာရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ခရီးစဉ်အတွင်း အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက်များ၊ ဝန်ကြီးဌာနအောက်ရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် UNOCHA အဖွဲ့တို့အကြား သဘောတူညီမှုစာလွှာ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ၊ UNOCHA ၏ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ဝင်ဗီဇာ၊ ဗီဇာသက်တမ်းတိုးခြင်းနှင့် ခရီးသွားလာခွင့်ကိစ္စရပ်များအပေါ် ဝန်ကြီးဌာနမှ ညှိနှိုင်းဆောင်ရွက်ပေးရန်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၅၀၀)

# ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေ (မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်လမ်းဦးစီးဌာန၏ အဓိကတာဝန်ဖြစ်သဖြင့် ကျေးလက်လမ်းများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့်လမ်းကွန်ရက်များ တိုးချဲ့ခြင်းတို့ကို ဥပဒေနှင့်အညီ ထိရောက်စွာလုပ်ကိုင်ခွင့်ရရှိရန်အတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေပြဋ္ဌာန်းရန်လိုအပ်ကြောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ယင်းဥပဒေ(မူကြမ်း)သည် ကျေးလက်ဒေသနေပြည်သူများ၏ လူနေမှုဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့်ကိစ္စဖြစ်သဖြင့် အဆိုပါဥပဒေ(မူကြမ်း)ကို ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)



# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားကျင်းပမည့်နေရာများကို ပြည်ထောင်စုဝန်ကြီးများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံတို့သည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒေါ်နုမြဇံ၊ ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများကျင်းပမည့် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းသို့ သွားရောက်၍ ကဏ္ဍအလိုက်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများတွင် အသုံးပြုမည့် Lighting System၊ LED၊ အသံစနစ်နှင့် လျှပ်စစ်မီးများတပ်ဆင်နေမှု၊ စင်မြင့်တည်ဆောက်နေမှု၊ အားကစားကွင်းအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလံများ၊ ဝန်ကြီးဌာနအလိုက်အလံများ ချိတ်ဆွဲထားရှိမှု၊ ဖျော်ဖြေရေးအဖွဲ့များနှင့် အားကစားသမားများ အဝင်အထွက်ပြုလုပ်မည့်နေရာလျာထားဆောင်ရွက်နေမှု၊ ကဏ္ဍအလိုက်ဖျော်ဖြေရေးအစီအစဉ်များ ပြင်ဆင်ဆောင်ရွက်နေမှု၊ အလွတ်ခုန်(Free Fall) လေထီးစစ်သည်များက တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့်အမျိုးသားအားကစားပွဲတော်အလံတို့ကို ကွင်းအတွင်းသို့ လေထီးခုန်၍ သယ်ဆောင်လေ့ကျင့်နေမှု၊ ပွဲတော်အထိမ်းအမှတ် မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ယူရေးအစီအစဉ်လေ့ကျင့်နေမှု၊ မီးရှူးတိုင်ထွန်းညှိမည့်နေရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။



ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမျိုးသားအားကစားပွဲတော်ကြီးကျင်းပရန် ရက်အနည်းငယ်သာကျန်ရှိတော့သဖြင့်ကော်မတီများအလိုက် လုပ်ငန်းတာဝန်များကို အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အခမ်းအနားအတွက် လိုအပ်သည့် စက်ကိရိယာပိုင်းဆိုင်ရာများကိုလည်း အချိန်မီတပ်ဆင်ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေးကိုလည်း အထူးအလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အမျိုးသားအားကစားပွဲတော်များကို ပထမအကြိမ်အဖြစ် ၁၉၉၂ ခုနှစ်တွင် ရန်ကုန်မြို့၌ အားကစားနည်း ၂၂ မျိုးဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၁၉၉၄ ခုနှစ်တွင် ရန်ကုန်မြို့၌ အားကစားနည်း ၂၄ မျိုးဖြင့်လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၁၉၉၇ ခုနှစ်တွင် ရန်ကုန်မြို့၌ အားကစားနည်း ၂၉ မျိုးဖြင့်လည်းကောင်း၊ စတုတ္ထအကြိမ်အဖြစ် ၂၀၁၅ ခုနှစ်တွင် နေပြည်တော်၌ အားကစားနည်း ၂၇ မျိုးဖြင့်လည်းကောင်း ကျင်းပခဲ့ပြီး ယခု ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အားကစားနည်း ၂၃ မျိုး၊ ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်မျိုးနှင့် မသန်စွမ်းအားကစားနည်းလေးမျိုးတို့ဖြင့် ကျင်းပသွားမည်ဖြစ်ရာ အားကစားသမားစုစုပေါင်း ၆၅၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# ရွှေတောင်မြို့၌ "ပညာအားမာန်" စာကြည့်တိုက်ဖွင့်လှစ်

ရွှေတောင် နိုဝင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရွှေတောင်မြို့နယ် ကသစ်တိုင်းကျေးရွာအုပ်စု တောင်လုံးညိုကျေးရွာ၌ "ပညာအားမာန်" စာကြည့်တိုက်ကို တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက "ပညာအားမာန်" စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်ကော်မတီအဖွဲ့ဝင်များနှင့် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က "ပညာအားမာန်" စာကြည့်တိုက်အတွင်း စာအုပ်/ စာစောင်များ ခင်းကျင်းထားရှိမှုနှင့် စာပေဖတ်ရှုလေ့လာနေသည့် ကျောင်းသား/ကျောင်းသူများအား လိုက်လံကြည့်ရှုအားပေးခဲ့ပြီး စာကြည့်တိုက်အတွင်း သုတ/ရသ စာအုပ်စာစောင်များ ဝယ်ယူနိုင်ရေး ငွေကျပ်သိန်း ၃၀ ထောက်ပံ့ပေးအပ်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ မိမိတို့၏ သားသမီးများအား လူကောင်းလူမွန်များဖြစ်စေရေးနှင့် အနာဂတ်တွင် တိုင်းပြည်မှ အားကိုးရသည့် သားကောင်းသမီးမွန်များဖြစ်စေရေး စာကြည့်တိုက်သို့ စေလွှတ်ပေးကြပါရန် တိုက်တွန်းပြောကြားပြီး စာကြည့်တိုက်ဖွင့်ပွဲတွင် မြန်မာ့ရိုးရာအိုးစည်၊ ဒိုးပတ် အတီးအကများဖြင့် ဖျော်ဖြေခဲ့သည့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)





# ဘရာဇီးနိုင်ငံ၏ (၂၀၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ညှော်ခံပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

ဘရာဇီးနိုင်ငံ၏ (၂၀၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ညှော်ခံပွဲကို ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာရှိ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး၏ နေအိမ်၌ ကျင်းပသည်။

ညှော်ခံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E.Mr. Gustavo Rocha de Menezes နှင့် တာဝန်ရှိသူများက ဒုတိယဝန်ကြီးနှင့် ညှော်ခံပွဲတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ညှော်ခံပွဲတက်ရောက်လာကြသူများကို ညစာစားပွဲဖြင့် တည်ခင်းညှော်ခံခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)

# အာရှဒေသသစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်ရေးအဖွဲ့
## (Asian Forest Cooperation Organization-AFoCO)

သိန်းသန်းထွန်း
(သစ်တော)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ သစ်တောဦးစီးဌာနအနေဖြင့် မြန်မာ့သစ်တောမူဝါဒ ပဓာနအချက်(၆)ချက်နှင့်အညီ မြန်မာ့




သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ သစ်တောဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ရေး၊ သစ်တောထွက်ပစ္စည်းများ ရေရှည်စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန် စီမံအုပ်ချုပ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး၊ သုတေသနလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများအောင်မြင်စွာ တည်ထောင်စိုက်ပျိုးရေး၊ သစ်တောပြုန်းတီးခြင်းနှင့် တောအဆင့်အတန်းကျဆင်းခြင်းမှကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းစဉ်များဆောင်ရွက်ရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရေး၊ ပင်လယ်ကမ်းရိုးတန်းဒေသများ စီမံအုပ်ချုပ်ရေးနှင့်ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်ပါ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများအောင်မြင်စေရေး၊ ပါရီညီလာခံသဘောတူညီချက်ပါ နိုင်ငံအလိုက်ကတိကဝတ်များအောင်မြင်စေရေး စသည့်လုပ်ငန်းများကို နိုင်ငံတော်ကပြည်ထောင်စုနှင့်တိုင်းဒေသကြီးရန်ပုံငွေများအသုံးပြုပြီး ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရန်ပုံငွေနှင့် နည်းပညာအကူအညီအထောက်အပံ့များရယူကာ စီမံကိန်းလုပ်ငန်းများ(Projects) ပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်။

သစ်တောဦးစီးဌာနနှင့်ရန်ပုံငွေနှင့် နည်းပညာအကူအညီပေးအပ်နေသော ပူးပေါင်းလုပ်ကိုင်နေသည့်နိုင်ငံတကာအဖွဲ့အစည်းများအနက်မှ AFoCO အဖွဲ့အစည်းအကြောင်းကို မျှဝေတင်ပြအပ်ပါသည်။

**အဖွဲ့အစည်းဖြစ်ပေါ်လာမှုသမိုင်းကြောင်း အကျဉ်းချုပ်**
**အဖွဲ့အစည်းဆိုင်ရာ အချက်အလက်များ**

အာရှဒေသသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း (Asian Forest Cooperation Organization-AFoCO)သည် အာရှနိုင်ငံများအတွင်း အစိုးရအဖွဲ့အစည်းများအကြား သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အားကောင်းခိုင်မာစေရေး၊ နည်းပညာဆိုင်ရာကူညီထောက်ပံ့ပေးရေးနှင့် ထာဝစဉ်တည်တံ့စေမည့်သစ်တောစီမံအုပ်ချုပ်မှု (Sustainable Forest Management)နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆိုးကျိုးများလျှော့ပါးသက်သာစေရေးလုပ်ငန်းများ၊ လက်တွေ့လုပ်ကိုင်ရာတွင် မူဝါဒအုတ်မြစ်ခိုင်မာစေရေး ရည်ရွယ်လျက်ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ပါသည်။

၂၀၀၉ ခုနှစ် တောင်ကိုရီးယားနိုင်ငံ ဂျေဂျူး "Jeju , South Korea"တွင် တောင်ကိုရီးယားနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများ (ASEAN) ၏ ထိပ်သီးဆွေးနွေးပွဲတွင် AFoCO ဖွဲ့စည်းရန် စတင်အဆိုပြုတင်ပြခဲ့ပါသည်။ အာဆီယံနိုင်ငံ အကြီးအကဲများကလည်းဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြပါသည်။

ထို့နောက် ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပခဲ့သော (၁၄)ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးညီလာခံတွင် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများအကြားသဘောတူညီမှုကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထိုသဘောတူညီမှုသည် ၂၀၁၂ ခုနှစ် ဩဂုတ်လ ၅ ရက်မှ စတင်သက်ဝင်လှုပ်ရှား သက်ရောက်လာခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင်အခြားသော အာရှတိုက်ရှိနိုင်ငံများဖြစ်သော ဘူတန်၊ ကာဇက်စတန်၊ မွန်ဂိုလီးယားနှင့် အရှေ့တီမောနိုင်ငံတို့ကိုလည်း ဖိတ်ကြား၍ ရှင်းလင်းဆွေးနွေး ဖိတ်ခေါ်ခဲ့ကြပါသည်။

ဆက်လက်၍ တောင်ကိုရီးယားနိုင်ငံ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အခြားသော အလားအလာရှိသည့်နိုင်ငံများအနေဖြင့် AFoCO ဖွဲ့စည်းတည်ထောင်ရေးဆိုင်ရာ သဘောတူညီမှုရရှိရေးအတွက် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဆွေးနွေးပွဲ(၆)ကြိမ် အောင်မြင်စွာကျင်းပ၍ ဆောင်ရွက်ခဲ့ကြပါသည်။

ထို့နောက် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၂ ရက်တွင် AFoCO တည်ထောင်ရေးသဘောတူညီချက်ပြဋ္ဌာန်းကာ ၂၀၁၈ ခုနှစ် ဧပြီလ ၂၇ ရက်မှစတင်၍ အာဏာသက်ဝင်လှုပ်ရှား လုပ်ကိုင်လာခဲ့ပါသည်။

**မျှော်မှန်းချက်များ (AFoCO's Vision)**

"အာရှဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝတည်ငြိမ်တိုးတက်စေရေး၊ သစ်တောနှင့် သယံဇာတအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ရေးနှင့်စိမ်းလန်းသော အာရှဒေသတစ်ခုအဖြစ် ရေရှည်ရပ်တည်ရှင်သန်ရေး" မျှော်မှန်းချက်များ ထားရှိဆောင်ရွက်လျက်ရှိနေပါသည်။

**လုပ်ငန်းတာဝန်များ (AFoCO Mission)**

အာရှဒေသ၏ သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းခိုင်မာစေရေး၊ ထာဝစဉ်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်များအောင်မြင်စေရေးအတွက် မူဝါဒဆိုင်ရာထောက်ပံ့ပေးရေး၊ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆိုးကျိုးများကိုတွန်းလှန်ရာတွင် သက်ဆိုင်သူများအားလုံး အတူတကွပူးပေါင်းပါဝင်လုပ်ကိုင်လာစေရေးတို့ကို အဓိကလုပ်ငန်းတာဝန်များအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေပါသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းနယ်ပယ်များ**

ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းနယ်ပယ်များမှာ-

- (က) ထာဝစဉ်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်မှု
- (ခ) သစ်တော အတန်းအစားကျဆင်းခြင်းနှင့် သစ်တောပြုန်းတီးမှုမှ ကာကွယ်ခြင်း
- (ဂ) ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေးနှင့်သစ်တောကာဗွန်တိုးတက်စေခြင်း
- (ဃ) သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သုတေသနလုပ်ငန်းများ အောင်မြင်စေရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေး လုပ်ငန်းစဉ်များ ထောက်ပံ့ပေးရေး၊

**အဓိကအင်္ဂါရပ်(၂)ခု(Main Organs of AFoCO)**

AFoCO အဖွဲ့အစည်း၏ အဓိကအင်္ဂါရပ်(၂)ခုမှာ (က) မျက်နှာစုံညီအစည်းအဝေး (Assembly) နှင့် ( ခ ) ဌာနချုပ်ရုံး(Secretariat) တို့ ဖြစ်ကြသည်။

**(က) မျက်နှာစုံညီအစည်းအဝေး (Assembly)**

AFoCO အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ပေးစွမ်းသောစုဖွဲ့ထားရှိသည့်အရာဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံတိုင်းမှ အဆင့်မြင့်သစ်တောအရာရှိကြီးများ ကိုယ်စားပြုပါဝင်ကြသည်။

**( ခ ) ဌာနချုပ်ရုံး(Secretariat)**

AFoCO ဌာနချုပ်ရုံးကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ရုံးစိုက်အခြေပြုဆောင်ရွက်လျက်ရှိပြီး ဌာနချုပ်ရုံးကို ဦးဆောင်ညွှန်ကြားရေးမှူး (Executive Director)က စီမံအုပ်ချုပ်ပါသည်။ ဦးဆောင်ညွှန်ကြားရေးမှူးကို အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်တော်ကြီးများပါဝင်သော မျက်နှာစုံညီအစည်းအဝေးမှ ရွေးချယ်တင်မြှောက်ခြင်းဖြစ်ပါသည်။

**AFoCO အဖွဲ့အစည်း၏ ဦးဆောင်ညွှန်ကြားရေးမှူးများ**

AFoCO အဖွဲ့အစည်း၏ ဦးဆောင်ညွှန်ကြားရေးမှူးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့မှုမှတ်တမ်းကို တင်ပြအပ်ပါသည်။

| စဉ် | အမည် | နိုင်ငံ | တာဝန်ထမ်းဆောင်မှုကာလ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁။ | Hadi pasaribu | အင်ဒိုနီးရှား | Jan-2013 | Aug-2016 |
| ၂။ | Chencho Norbu | ဘူတန် | Jan-2019 | Dec-2020 |
| ၃။ | Ricardo L.Calderon | ဖိလစ်ပိုင် | Jan-2021 | Dec-2022 |
| ၄။ | Park Chongho | တောင်ကိုရီးယား | Jan-2023 | Up to Present |

**AFoCO အဖွဲ့အစည်း၏ အမြုတေတန်ဖိုး (၆)ခု (Six Core Values of AFoCO)**




**အာရှဒေသသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၏ မူဝါဒရေးရာ (၁၀) ချက်**

မူဝါဒရေးရာ (၁၀)ချက်ကို ဦးထိပ်ထား၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

- (က) အာရှနှင့်ပစိဖိတ်ဒေသ၏ သစ်တောမြေယာရှုခင်း ပြန်လည်တည်ထောင်ရန်၊
- ( ခ ) သစ်တောအခြေခံသော ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာနေထိုင်တတ်စေရန်၊
- ( ဂ ) လူထုအခြေပြုသစ်တောစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်၊
- (ဃ) သစ်တောကဏ္ဍတွင် ပြည်သူနှင့်ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊
- ( င ) သစ်တောမီး စီမံအုပ်ချုပ်ရေးအတွက် စုပေါင်းဆောင်ရွက်သော သတင်းအချက်အလက်စနစ်ဖော်ဆောင်ရန်၊
- ( စ ) ဂေဟစနစ် ဝန်ဆောင်မှုပေးချေခြင်းစနစ်ဖော်ဆောင်ရန်၊

စာမျက်နှာ ၁၄ သို့ ■

★ **စာမျက်နှာ ၁၇ မှအဆက်**

ဒေသများအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

**ကောင်စီအဖွဲ့ဝင်များက အသီးသီးဆွေးနွေးတင်ပြ**

ယင်းနောက်ကောင်စီဝင်များက လက်ရှိအချိန်တွင် လှိုင်ကော်ဒေသသည် ပြန်လည်တည်ငြိမ်အေးချမ်းနေပြီဖြစ်သဖြင့် လှိုင်ကော်ဒေသမှ ယာယီနေရပ်စွန့်ခွာနေရသူများအနေဖြင့် ၎င်းတို့နေရပ်တွင် ပြန်လည်အခြေချနေထိုင်လိုမှု၊ နိုင်ငံတော်၏အနာဂတ်ကောင်းကို ပုံဖော်တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်မှု၊ သက်ဆိုင်ရာဒေသများအလိုက် ခရီးစဉ်များသွားရောက်၍ ဒေသခံပြည်သူလူထုများ၊ စိုက်ပျိုးရေးမွေးမြူရေးဆောင်ရွက်သူများနှင့်ထိတွေ့၍ ၎င်းတို့တင်ပြချက်များ၊ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးနိုင်မှုနှင့် နိုင်ငံတော်၏ရှေ့ဆက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့မှု၊ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များအနေဖြင့် ဒေသနှင့်နိုင်ငံတော်အတွက် အကျိုးမရှိသည့် လက်နက်ကိုင်အကြမ်းဖက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ရောက်ရှိလာစေရေး ဆွေးနွေးအဖြေရှာဆောင်ရွက်ကြရန် လိုအပ်မှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်ဒေသများ၌စားရေးအတွက် အခက်အခဲမရှိအောင် နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ **နိုင်ငံတစ်ခု၊ ဒေသတစ်ခု၌ ပဋိပက္ခကိုဖြစ်ပေါ်လာအောင်ဖန်တီးသည်မှာ ၎င်းဒေသနှင့်နိုင်ငံတို့တွင်နေထိုင်ကြသူများပင်ဖြစ်**ပြီး **တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများ၏ သွေးဆောင်မြှောက်ပင့်မှုများကြောင့်လည်းဖြစ်**ကြောင်း၊ **အလားတူ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက်လည်း ၎င်းဒေသတွင်နေထိုင်သူများကပင် လုပ်ဆောင်ကြခြင်းဖြစ်**ကြောင်း၊ ထို့ကြောင့် ဒေသအတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏လုံခြုံရေးကို ဖျက်ဆီးနေသည့်ဒေသတွင်းနေထိုင်သောလက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ကောင်စီဝင်များအနေဖြင့်လည်း ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ဝိုင်းဝန်းတားဆီးဆောင်ရွက်ပေးကြစေလိုကြောင်း။

ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့်ပတ်သက်ပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်နောက်ဆုံးအချက်၌ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တတ်နိုင်သမျှကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်တစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်းသတင်းရရှိသည်။(၁၀၀)

# လှည်းကူးမြို့နယ် ပျဉ်းမကျင်းကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ပျဉ်းမကျင်းကျေးရွာရှိဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၆၁ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုး/အကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က လှည်းကူးမြို့နယ် ပျဉ်းမကျင်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# မွန်ပြည်နယ်ထွက် ဝဥများကို ပြည်ပသို့ကုန်ချောအဖြစ် ပိုမိုတင်ပို့နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

မော်လမြိုင် နိုဝင်ဘာ ၁၉

မွန်ပြည်နယ်မှထွက်ရှိသော ဝဥများကို အဆင့်မြင့်ကုန်ချောပြုလုပ်ကာ ပြည်ပသို့ ကုန်ချောအဖြစ် ပိုမိုတင်ပို့နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း လုပ်ငန်းရှင်များထံမှသိရသည်။

ပြည်ပဈေးကွက်ဝင်သည့် အဆင့်မြင့်ကုန်ချောထုတ်လုပ်နိုင်ပါက ဈေးကောင်းရရှိလာမည်ဖြစ်ကြောင်း လုပ်ငန်းရှင်တစ်ဦးကပြောသည်။

လက်ရှိတွင် လိုအပ်ချက်များရှိနေသောကြောင့် မွန်ပြည်နယ်ထွက်ဝဥများကို ကုန်ကြမ်းအဖြစ်သာ အဓိကတင်ပို့နေရကြောင်းသိရသည်။ မြန်မာနိုင်ငံမှထွက်ရှိသောဝဥများကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့လေ့ရှိပြီး ဂျပန်နိုင်ငံသို့လည်း တင်ပို့နေကြောင်း သိရသည်။

ဝဥကို စားသောက်ကုန်ထုတ်လုပ်မှုတွင် အသင့်စားအသားတု၊ ဂျယ်လီနှင့်ခေါက်ဆွဲအမျိုးမျိုးပြုလုပ်ခြင်း၊ ဂျုံမှုန့်အစားထိုး ဝဥမှုန့်အဖြစ်အသုံးပြုခြင်း၊ စက်မှုကုန်ကြမ်းအနေဖြင့် ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ စာရေးကိရိယာများတွင်အသုံးပြုသောကော်ပြုလုပ်ခြင်း၊ အလှကုန်ပစ္စည်းများတွင် မျက်နှာပေါင်းတင်ဆေးကော်ရည်အဖြစ် ပြုလုပ်သုံးစွဲခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်းအနေဖြင့် အသုံးပြုခြင်း၊ သိုင်းရိုက်ကုသခြင်း၊ သွေးတိုးရောဂါကုသခြင်း စသည့်ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုကြကြောင်း သိရသည်။ (၄၀၆)

# VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

မြို့သစ် နိုဝင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ထန်းတပင်ကျေးရွာအုပ်စု လယ်ပြင်စုကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့တွင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လယ်ပြင်စုကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

လယ်ပြင်စုကျေးရွာ၌ အရှည် ၉၆၂ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေ ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၅၀ ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၈၀ လူဦးရေ ၇၄၉ ဦးတို့ကို အကျိုးပြုပေးနိုင်ပြီဖြစ်၍ ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

သူသူ



**ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၁၉-၁၁-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ**

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၁.၀ | ၃၃.၈ |
| တီးတိန်မြို့ | ၆.၅ | ၄၃.၇ |
| ပူတာအိုမြို့ | ၁၀.၀ | ၅၀.၀ |
| မြစ်ကြီးနားမြို့ | ၁၁.၆ | ၅၂.၉ |
| ပြင်ဦးလွင်မြို့ | ၁၂.၂ | ၅၄.၀ |

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၂°C | / | ၃၁°C |
| ရန်ကုန် | ၂၄°C | / | ၃၃°C |
| မန္တလေး | ၂၂°C | / | ၃၀°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

✭ ရှေ့ဖုံးမှအဆက်

## တရုတ်နိုင်ငံသို့ ချစ်ကြည်ရေး ခရီးစဉ်သွားရောက်ခဲ့မှုနှင့် အောင်မြင်သည့်ဆွေးနွေးမှု ရလဒ်များရရှိခဲ့မှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မကြာသေးမီက မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ကူမင်းမြို့၌ကျင်းပသည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာကြသည့်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကူမင်းမြို့၊ ချုံချင့်မြို့နှင့် ရှန်းကျန့်မြို့တို့ရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ လေ့လာခြင်း စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောဆောင်သည့် စီးပွားရေးဆိုင်ရာဆွေးနွေးမှုရလဒ်များပေါ်ထွက်လာအောင်ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင်ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်အတွက်အပြုသဘောဆောင်နိုင်ခဲ့သော အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်ခဲ့ကြောင်း။

ခရီးစဉ်အတွင်း **GMS အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် သီးခြားစီတွေ့ဆုံ** ဆွေးနွေးမှုများဆောင်ရွက်စဉ် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ မြန်မာနိုင်ငံဆောင်ရွက်နေသည့်အခြေအနေများ၊ နိုင်ငံအလိုက် နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများ၊ နိုင်ငံတကာမျက်နှာစာများတွင် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး မိတ်ဆွေနိုင်ငံများမှ ထောက်ခံအားပေးမှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang အနေဖြင့် GMS အစည်းအဝေးတက်ရောက်သည့် ဝန်ကြီးချုပ်များအနက် မြန်မာဝန်ကြီးချုပ်နှင့်သာ သီးခြားတွေ့ဆုံမှု ပြုလုပ်ခဲ့သည်ကိုတွေ့ရကြောင်း၊ သီးခြားတွေ့ဆုံဆွေးနွေးစဉ် မိမိအနေဖြင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ထိုသို့ဆွေးနွေးစဉ် တရုတ်နိုင်ငံဝန်ကြီးချုပ်၏ ဆွေးနွေးချက်များမှ အဓိကကျသည့် ဆွေးနွေးချက်များမှာ **မြန်မာနိုင်ငံအစိုးရ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ချက်များကို တရုတ်နိုင်ငံဘက်က အစဉ်အမြဲ ထောက်ခံအားပေး**နေကြောင်း၊ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် တက်တက်ကြွကြွထောက်ခံအားပေးပြီး** မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုရှိစေရန်နှင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များကို ဆက်လက်တွန်းအားပေးဆောင်ရွက်နေမှုကိုလည်း ထောက်ခံအားပေးပါကြောင်း၊ **တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအတည်ပြု**ပါကြောင်း၊ **မြန်မာနိုင်ငံအစိုးရ၏ တရုတ် – မြန်မာနယ်စပ်ဒေသကုန်သွယ်ရေးဂိတ်များနှင့်ပတ်သက်ပြီး စီမံခန့်ခွဲအုပ်ချုပ်မှုများကို တရုတ်နိုင်ငံအနေဖြင့် အားပေး**ပါကြောင်း၊ **တရုတ်ဘက်အနေဖြင့် မြန်မာနိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အတူတကွဖွံ့ဖြိုးတိုးတက်မှုရရှိလို**ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် မိမိတို့အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် ပြတ်ပြတ်သားသားရပ်တည်သည့် ပြောကြားချက်များပင်ဖြစ်ကြောင်း။

ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်းလိုအပ်သည့်ကူညီမှုများ ထောက်ပံ့ပေးမည့်အခြေအနေများနှင့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုနှင့်ပတ်သက်၍ ကူညီမှုများဆောင်ရွက်ပေးမည့်အခြေအနေများနှင့်ပတ်သက်၍လည်း ပြောကြားခဲ့ကြောင်း။

မိမိအနေဖြင့် တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun တို့နှင့်လည်း တွေ့ဆုံဆွေးနွေးမှုဆောင်ရွက်ခဲ့ပြီး ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ပြောကြားခဲ့ကြောင်း၊ အပြုသဘောဆောင်သော ကောင်းမွန်သည့်ဆွေးနွေးမှုများကိုတွေ့ရှိခဲ့ရကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အထူးအလေးထားသောပြောဆိုဆက်ဆံမှု၊ ဆွေးနွေးမှုများကို ထင်ရှားစွာတွေ့ရှိခဲ့ရကြောင်း။

GMS အစည်းအဝေးသို့ တက်ရောက်လာသည့် အရှေ့တောင်အာရှနိုင်ငံ ၄ နိုင်ငံမှ ဝန်ကြီးချုပ်များနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးချိန်တွင်လည်း မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့မှုအခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပွင့်လင်းမြင်သာသည့်ရွေးကောက်ပွဲ ဖြစ်စေရေး နိုင်ငံတကာမှလေ့လာအကဲခတ်ရေးကိုယ်စားလှယ်အဖွဲ့များကို ဖိတ်ခေါ်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ရာ နိုင်ငံများအလိုက် ထောက်ခံသည့်ဆွေးနွေးချက်များကို ပြန်လည်ပြောကြားခဲ့ကြကြောင်း၊ တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်–မြန်မာစီးပွားရေးပူးပေါင်းမှုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရေး ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေး ဆွေးနွေးနိုင်ခဲ့သဖြင့် အောင်မြင်သည့်ခရီးစဉ်တစ်ခုပင်ဖြစ်ကြောင်း။

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါကတိကဝတ်များအတိုင်း အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်

မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)သည် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ အသိသက်သေများ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်က Union Accord အဖြစ် အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် NCA သဘောတူစာချုပ်အတိုင်း အတတ်နိုင်ဆုံးရအောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်လွှတ်တော်ကာလတွင်လည်း အချို့ကိစ္စရပ်များကို

**❖ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအတည်ပြု၊ မြန်မာနိုင်ငံအစိုးရ၏ တရုတ် - မြန်မာနယ်စပ်ဒေသကုန်သွယ်ရေးဂိတ်များနှင့်ပတ်သက်ပြီး စီမံခန့်ခွဲအုပ်ချုပ်မှုများကို တရုတ်နိုင်ငံအနေဖြင့်အားပေး၊ တရုတ်ဘက်အနေဖြင့် မြန်မာနိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အတူတကွဖွံ့ဖြိုးတိုးတက်မှုရရှိလို . . .**

**❖ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပါတီများမှတ်ပုံတင်ခြင်းများကို ဥပဒေနှင့်အညီခွင့်ပြု၊ ဒေသနှင့် တိုင်းရင်းသားအကျိုးကို တရားဥပဒေနှင့်အညီ တောင်းဆိုဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ပိုမိုပါဝင်လာနိုင်ရန်လိုအပ် . . .**

လွှတ်တော်၌ ဆက်လက်ဆွေးနွေးရန်အတွက် EAO များ၊ နိုင်ငံရေးပါတီများနှင့် သဘောတူ ဆွေးနွေးချက်များရရှိပြီးဖြစ်ကြောင်း။

## လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံ့လူဦးရေ၏ ၆၃ ရာခိုင်နှုန်းကျော် ကောက်ယူနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ကောက်ယူရန်ကျန်ရှိနေသည့်နေရာများ၌ အတတ်နိုင်ဆုံး အနီးစပ်ဆုံးအထိ ရရှိအောင် ဆက်လက်ကောက်ယူလျက်ရှိကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်ကောက်ယူနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ **ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပါတီများ မှတ်ပုံတင်ခြင်းများကို ဥပဒေနှင့်အညီ ခွင့်ပြု**ပေးထားပြီးဖြစ်ကြောင်း၊ **ဒေသနှင့် တိုင်းရင်းသားအကျိုးကို တရားဥပဒေနှင့်အညီ တောင်းဆိုဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ပိုမိုပါဝင်လာနိုင်ရန် လိုအပ်**ကြောင်း၊ လွှတ်တော်အတွင်း တိုင်းရင်းသားများနှင့်လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာ ပါဝင်လာရေး အချိုးကျကိုယ်စားပြုစနစ် (PR)ကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့် အမျိုးသားလွှတ်တော်တွင်ဖော်ဆောင်နိုင်ရေး ဆောင်ရွက်နေကြောင်း။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံအတွက် အင်မတန်အကျည်းတန်အရုပ်ဆိုးသည့် မဲမသမာမှုဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း ရွေးကောက်ပွဲများ ပြုလုပ်ခဲ့ကြောင်း၊ ထိုအချိန်တွင် မဲမသမာမှုများရှိခဲ့သော်လည်း မဲဆန္ဒနယ်အနည်းအကျဉ်းသာဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ **၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်အောင်ပြုလုပ်သူများသည် ၎င်းတို့၏သက်ဆိုင်ရာရွေးကောက်ခံမဲဆန္ဒနယ်တစ်ခုတည်းတွင်သာမကဘဲ ဒေသတစ်ခုလုံးတွင် အနိုင်ရရှိအောင် မဲမသမာမှုများကို ပြုလုပ်ခဲ့ကြခြင်းဖြစ်**ကြောင်း၊ မဲမသမာမှုများကို ပြန်လည်စိစစ်ခဲ့ချိန်တွင် မဲစာရင်းအချိုးအရ ပဲခူးတိုင်းဒေသကြီး၌ မဲစာရင်းမှားယွင်းမှုအများဆုံးဖြစ်ကြောင်း၊ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း မဲမသမာမှုများကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ **ဦးဆောင်ပြုလုပ်သူများသည် ၎င်းတို့ သက်ဆိုင်ရာမဲဆန္ဒနယ်များတွင်သာမက တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်တစ်ခုလုံး အတိုင်းအတာအထိ မဲမသမာမှုများကို ပြုလုပ်ခဲ့သဖြင့် ရွေးကောက်ပွဲ မသမာမှုကျူးလွန်မှုသည် အတိမ်အနက်ကြီးမား**ကြောင်း၊ ထို့ကြောင့် ကျူးလွန်ခဲ့သည့်ပါတီအား ရွေးကောက်ပွဲဥပဒေအရ ထိထိရောက်ရောက်အရေးယူဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ **အဆိုပါ ရွေးကောက်ပွဲမဲမသမာမှုများတွင် တာဝန်ရှိသူများသည် NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်(CEC) များဖြစ်**ကြောင်း၊ **ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်(CEC)များသည် ပါတီကို ကိုယ်စားပြုသူများဖြစ်**ကြောင်း၊ **တစ်ဦးတစ်ယောက်တည်းကျူးလွန်ခြင်းမဟုတ်ဘဲ အဖွဲ့လိုက် လုပ်ဆောင်ခြင်းဖြစ်သဖြင့် အလားတူဖြစ်စဉ်မျိုး မဖြစ်ပွားအောင် ဆောင်ရွက်ရမည်ဖြစ်**ကြောင်း။

လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှားယွင်းမှုမရှိစေရေး၊ မဲစာရင်းများမှန်ကန်မှုရှိစေရေး အဓိကဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် မဲစာရင်းများ မှန်ကန်မှုရှိစေရေး တာဝန်ခွဲဝေ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **လာမည့်ရွေးကောက်ပွဲတွင် Myanmar Electronic Voting Machine စနစ်ဖြင့် ဆောင်ရွက်သွားမည်**ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင်လည်း အဆိုပါမဲပေးစနစ်ကိုအသုံးပြုလျက်ရှိပြီး မဲစာရင်းမှန်ကန်စေရန်အတွက် အထောက်အကူပြုသည့် စနစ်တစ်ခုဖြစ်ကြောင်း၊ ရွေးကောက်ပွဲအား လုံခြုံရေးအရ အပိုင်းလိုက်ခွဲခြား၍လည်း ပြုလုပ်နိုင်ကြောင်း။

## သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ပေး

ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂိမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၉ ခုရှိ မြို့နယ်တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး မိမိတို့နိုင်ငံ၏သမိုင်းတွင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုတွင် အဆိုးရွားဆုံးဖြစ်ကြောင်း၊ သဘာဝဘေးကြောင့်ဖြစ်ပေါ်ခဲ့သည့် ထိခိုက်သေဆုံးပျက်စီးမှုများအတွက် မိမိတို့အနေဖြင့် ထိုက်သင့်သည့် ထောက်ပံ့မှုများဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

## အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ရှေ့သို့မရောက်နိုင်ဖြစ်နေ

**သဘာဝဘေးအန္တရာယ်ကြောင့်မဟုတ်ဘဲ လူတို့၏လုပ်ဆောင်မှုများကြောင့် နိုင်ငံတော်အတွင်း လမ်း၊ တံတားများ၊ စာသင်ကျောင်းများနှင့် အဆောက်အဦများ ကြီးမားစွာ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုရှိ**ကြောင်း၊ **အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဆောက်အဦများ၊ လမ်းတံတားများကို ဆင်ခြင်တုံတရားမဲ့စွာ မိုက်လုံးကြီးစွာဖြင့် ဖျက်ဆီးလျက်ရှိ**ကြောင်း၊ ၎င်းတို့ **ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်နေရသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ရှေ့သို့မရောက်နိုင်ဖြစ်နေရ**ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သုံးစွဲရမည့်ငွေကြေးများကို ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် သုံးစွဲကုန်ကျနေခြင်းသည် နိုင်ငံတော်အတွက် ထိခိုက်နစ်နာစေခြင်းပင်ဖြစ်ကြောင်း။

**❖ သဘာဝဘေးအန္တရာယ်ကြောင့်မဟုတ်ဘဲ လူတို့၏လုပ်ဆောင်မှုများကြောင့် နိုင်ငံတော်အတွင်း လမ်း၊ တံတားများ၊ စာသင်ကျောင်းများနှင့် အဆောက်အဦများကြီးမားစွာထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုရှိ၊ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဆောက်အဦများ၊ လမ်းတံတားများကို ဆင်ခြင်တုံတရားမဲ့စွာ မိုက်လုံးကြီးစွာဖြင့် ဖျက်ဆီးလျက်ရှိ၊ ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများဆောင်ရွက်နေရသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ရှေ့သို့မရောက်နိုင်ဖြစ်နေ . . .**

**❖ မိမိတို့နိုင်ငံအတွက် လိုအပ်သည့်လျှပ်စစ်ဓာတ်အားနှင့် စိုက်ပျိုးရေများရရှိစေရေးအတွက် မြစ်ချောင်းများကို အကျိုးရှိစွာအသုံးပြုရမည်၊ မိုးနည်းသည့်ဒေသများတွင် နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေများလုံလောက်စွာရရှိနိုင် . . .**

**❖ နိုင်ငံတစ်ခု၊ ဒေသတစ်ခု၌ ပဋိပက္ခကိုဖြစ်ပေါ်လာအောင်ဖန်တီးသည်မှာ ၎င်းဒေသနှင့် နိုင်ငံတို့တွင်နေထိုင်ကြသူများပင်ဖြစ်၊ တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများ၏ သွေးဆောင်မြှောက်ပင့်မှုများကြောင့်လည်းဖြစ်၊ အလားတူ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက်လည်း ၎င်းဒေသတွင် နေထိုင်သူများကပင် လုပ်ဆောင်ကြခြင်းဖြစ် . . .**

ထိုကဲ့သို့ **အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေကြခြင်းသည် ပြည်ပမှ သွေးထိုးမြှောက်ပင့်ပေးမှုများနှင့် အသိပညာ အတတ်ပညာအားနည်းခြင်း၊ ဝေဖန်ပိုင်းခြားနိုင်မှု အားနည်းခြင်းများကြောင့်ပင်ဖြစ်**ကြောင်း၊ **ပညာရေးအရ အားနည်းသည့်ဒေသများ၌ အကြမ်းဖက်မှုများ၊ ဒုစရိုက်မှုများ ပိုမိုဖြစ်ပေါ်နေသည်ကိုလည်း တွေ့မြင်ရ**မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် **အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်ပေးနိုင်ရေး ပညာရေးကို အားပေးဆောင်ရွက်**နေခြင်းဖြစ်ကြောင်း၊ **အတန်းပညာရှိမှသာ အတတ်ပညာများရရှိမည်ဖြစ်ပြီး စဉ်းစားတွေးခေါ်မှုများရရှိမည်**ဖြစ်ကြောင်း။

## နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ အားပေးဆောင်ရွက်

မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးအား ကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ဆောင်ရွက်ရန် လိုကြောင်း၊ **စိုက်ပျိုးရေး လုပ်ငန်းများ တိုးတက်စေရေးအတွက် အချက် ၃ ချက်ဖြစ်သည့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ စိုက်ကေတိုးချဲ့ရေးကို အလေးထား ကြိုးပမ်းဆောင်ရွက်**သွားရမည်ဖြစ်ကြောင်း။

## စိုက်ပျိုးရေလုံလောက်စွာရရှိရေး မြစ်ချောင်းများကို အကျိုးရှိစွာအသုံးချရန်လို

**စိုက်ပျိုးရေးတွင် ရေသည် မရှိမဖြစ်လိုအပ်**သဖြင့် ရေအရင်းအမြစ်များရရှိရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် ရောက်ရှိသည့်ဒေသများတွင် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေအသုံးချရာတွင် မိုးကောင်းသောက်၊ ဆည်ရေ၊ မြစ်ရေတင်၊ မြေအောက်ရေ စသည်ဖြင့် သုံးစွဲကြကြောင်း၊ ဆည်ရေသောက်စိုက်ပျိုးရေးအတွက် ဆည်များတည်ဆောက်ရန်လိုနေသေးကြောင်း၊ **ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့အား စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားမည်ဆိုပါက စိုက်ပျိုးရေများကို များစွာရရှိမည်**ဖြစ်ကြောင်း၊ မြစ်ဘေးတစ်လျှောက်တွင် စိုက်ပျိုးမြေများစွာရှိကြောင်း၊ မြစ်ကြောင်းများ ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြစ်ကြောင်းများတစ်လျှောက် အရေးကြီးသည့်နေရာများတွင် Low Head Dam များ တည်ဆောက်၍ စိုက်ပျိုးရေများ ရရှိအောင် ဆောင်ရွက်နိုင်ကြောင်း၊ မြစ်ကြောင်းများ ထိန်းသိမ်းခြင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ **မိမိတို့နိုင်ငံအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားနှင့် စိုက်ပျိုးရေများ ရရှိစေရေးအတွက် မြစ်ချောင်းများကို အကျိုးရှိစွာ အသုံးပြုရမည်**ဖြစ်ကြောင်း၊ **မိုးနည်းသည့်ဒေသများတွင် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေများလုံလောက်စွာရရှိနိုင်**ကြောင်း။

ရေအရင်းအမြစ်များကို မှန်မှန်ကန်ကန် အကျိုးရှိရှိ အသုံးချနိုင်ရေးဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ရေနှင့် ဆက်စပ်ပြီး စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ဖော်ဆောင် ပေးရန်လိုကြောင်း၊ မြို့ပြဧရိယာများ၌ သုံးမိုင်ပတ်လည်အကွာအဝေးအတွင်း၌ Green Zone များ ဖော်ဆောင်ပေးထားရန်လိုကြောင်း၊ အိမ်ခြံဝန်းများ၊ လမ်းဘေးဝဲယာများ၌ သစ်ပင်များစိုက်ပျိုးစေရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရ တာဝန်ထမ်းဆောင်ချိန်အတွင်း Green Zone များကိုဖော်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း ပွင့်လင်းရာသီသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် စိုက်ပျိုးထားသည့်သစ်ပင်များ ဆက်လက်ရှင်သန်ဖြစ်ထွန်းစေရေး ဆောင်ရွက်ကြရန်လိုကြောင်း။

## MSME လုပ်ငန်းများကို ဆောင်ရွက်ရာတွင် စက်မှုကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရန်လို

ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်စေရေးအတွက် MSME လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ၅၀ ရာခိုင်နှုန်းခန့်သည် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများဖြစ်သည်ကိုတွေ့ရကြောင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ စက်ရုံအကြီးများ ဆောင်ရွက်ရန်မဆိုလိုဘဲ စက်ယန္တရားအနည်းငယ်ဖြင့် ဆောင်ရွက်၍လည်းရကြောင်း၊ ပြည်တွင်းလိုအပ်ချက်ရှိသည့် အထည်အလိပ်လုပ်ငန်း၊ အီလက်ထရောနစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ သံနှင့်သံမဏိလုပ်ငန်းကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ပေးခြင်းတို့ဖြင့် ဒေသ၏လူသားအရင်းအမြစ်များကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့တာဝန်ယူထားရသည့် **စာမျက်နှာ ၁၅ သို့**☆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# SAC Chairman Prime Minister Senior General Min Aung Hlaing addresses the SAC meeting



Senior General Min Aung Hlaing addresses the SAC meeting.

NAY PYI TAW November 19

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address at the meeting of the State Administration Council at the meeting hall of the SAC Chairman Office in Nay Pyi Taw this morning.

The meeting was also attended by SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, Secretary General Aung Lin Dwe, Joint Secretary General Ye Win Oo and council members and officials.

**A goodwill visit to China and results of successful discussions**

First, the Senior General delivered a speech. He said: Recently, he led the Myanmar high-level delegation to pay a visit to China. During the visit, he attended the summits held in Kunming, held a meeting with Premier H.E. Mr. Li Qiang of the People's Republic of China, held talks with Politburo member of the Communist Party of China Secretary of Chongqing Municipal Party Committee Mr. Yuan Jiajun and Central Committee member of CPC Secretary of Yunnan Provincial Party Committee H.E. Mr. Wang Ning and held meetings with prime ministers from the countries attending the summits, toured significant venues in Kunming Chongqing and Shenzhen cities and visited factories and universities to discuss relevant sectors. In this regard, the delegation could bring results of economic discussions beneficial for the socio-economic development of the country. It was a successful trip beneficial for the State due to holding discussions on further promotion of friendly relations and economic and various sectors between governments and people from two countries.

While holding talks with **Prime Ministers from the countries attending the GMS summit separately,** the Senior General explained progress of Myanmar, undertakings of the country, bilateral cooperations with relevant countries, and support of friendly countries toMyanmar in the international landscape.

It was noted that Premier H.E. Mr. Li Qiang of the People's Republic of China held a specific meeting with the Myanmar Prime Minister among other prime ministers bound for the GMS summit. At the meeting, the Senior General explained progress of Myanmar widely. At the meeting, important discussions of the Chinese Premier were: **China always supports for endeavours of Myanmar government in internal peace processes. China actively supports for implementation of the Five-Point Roadmap of the State Administration Council** as well as encourage more efforts of Myanmar to initiate political stability of the country and political reform process. **China reaffirmed sovereignty of Myanmar and its territory. China encourages the Myanmar government to manage China-Myanmar border trade gates. China wishes harmonized development of Myanmar through mutual cooperation.** These talks are the clear standing of China for Myanmar's sovereignty and endeavours of Myanmar government.

At the meeting, the Chinese Premier pledged to provide necessary aid for the election and enumeration of population and household census process.

The Senior General recounted that he held meetings with Politburo member of the Communist Party of China Secretary of Chongqing Municipal Party Committee Mr. Yuan Jiajun and Central Committee member of CPC Secretary of Yunnan Provincial Party Committee H.E. Mr. Wang Ning. They also pledged to fully cooperate with Myanmar for development, peace and stability. These meetings brought positive meeting results. It can be seen that their talks specifically emphasized Myanmar affairs.

At the separate meetings with Prime Ministers from four Southeast Asian countries attending the GMS summit, the Senior General continued that he explained serving the State responsibilities by the State Administration Council in accord with the Constitution (2008) due to voting frauds in the 2020 multi-party democratic general election, preparations to hold a free and fair multi-party democratic general election and plans to invite international observation teams to analyze the election as a transparent election. Those Prime Ministers held discussions supporting the Myanmar. The trip to China is successful as the Senior General could discuss promotion of China-Myanmar economic cooperation and sending more scholarship students to China for ensuring development of human resources.

**Uphold and implement the commitments outlined in the NCA**

Our State Administration Council is fully committed to implementing the Five-Point Roadmap, prioritizing security and stability. The Nationwide Ceasefire Agreement (NCA) is a historic accord signed by the government, parliament, Tatmadaw, political parties, organizations, ethnic representatives, and ethnic armed organizations, with international and domestic witnesses. We are doing our utmost to uphold the commitments outlined in the NCA, and further discussions with the Ethnic Armed Organizations (EAOs) and political parties are underway for future parliamentary sessions.

**Prepare for free and fair elections**

To ensure free and fair elections, we are actively undertaking preparatory work, including a nationwide census, which is already over 63 percent complete. We are also working to finalize the voter registration process by the end of this year. **Political parties have been granted permits to register, and we encourage greater participation of ethnic representatives in the political arena.** To facilitate this, we are implementing a proportional representation system in state and regional parliaments as well as the national parliament.

The 2020 general election was marred by widespread electoral fraud, unlike previous elections where such incidents were limited to a few constituencies. **In 2020, the perpetrators systematically rigged the elections across entire regions,** as evidenced by the disproportionately high number of irregularities in Bago Region. Similar irregularities were found in other

See Page - 19 ►►

►► From Page - 18

regions and states. **The scale of the fraud was so extensive** that it warrants severe legal action against the offending party, particularly the National League for Democracy (NLD). **The perpetrators, including central executive committee members of the NLD, acted as a group and not as individuals. To prevent such occurrences in the future, we must ensure the accuracy of voter lists.**

Council members will be assigned responsibilities to verify voter data. **The upcoming election will utilize the Myanmar Electronic Voting Machine system,** a proven method for ensuring electoral integrity, as demonstrated by its successful use in neighboring India. For security reasons, the election process will be divided into phases.

**Rehabilitation tasks carried out in natural disasters-affected regions**

Due to the heavy rainfall associated with typhoon Yagi that hit in September, nine states and regions experienced severe flooding, causing the worst flood-related damage in our nation's history. We have provided necessary assistance and support to those affected by this natural disaster.

**National development efforts being delayed due to acts of terrorism**

**Unlike natural disasters, human actions have led to significant damage to our nation's infrastructure, including roads, bridges, schools, and buildings. Terrorists have recklessly destroyed essential infrastructure that supports our country's development. The need to rebuild what has been destroyed has hindered our nation's progress.** The funds that should be allocated for development are now being diverted to reconstruction efforts, causing significant harm to our country.

Such **acts of violence are fueled by external influences, a lack of education, and a deficiency in critical thinking. We have observed that areas with lower levels of education tend to experience higher rates of violence and crime. Therefore, to build a developed, stable, and peaceful nation in the future, we are prioritizing education. With education, individuals acquire knowledge and skills and develop the ability to think critically.**

**Agricultural firms are being encouraged for economic development of the country**

It is necessary for us to exert efforts for the development of the country and improving the economy. Therefore, it is important to carry out development tasks for agriculture and livestock breeding firms. **For the development of agriculture, emphasis must be placed on meeting targeted yields, improving the capabilities of growing crops multiple times and the expansion of acreage.**

**In order to supply agricultural water, rivers and creeks must be used beneficially**

**As water is indispensable for agriculture,** measures must be taken for availability of water resources. Members of the SAC are required to find out ways and means to do so in areas they visit. Rain water, irrigation water, pumped river water and underground water are utilized in agriculture. It is still necessary to build more dams for irrigation water. If **the Ayeyarwady and Chindwin rivers are properly conserved, an abundant supply of agricultural water will be made available.** There are long stretches of farmland along the banks of the rivers. Steps must be taken to improve river systems. Agricultural water can be supplied by building low head dams at important sites along rivers. Through improvement of river systems, electricity can be generated. **It is necessary to utilize river systems beneficially for electricity and agricultural water needed by the country. In low rainfall zones, agricultural water can be supplied by implementing solar river-water pumping projects.**

Tasks must be carried out to utilize water resources properly and beneficially. In connection with water, lush and green environment must be created. It is also necessary to establish 3-mile perimeter green zones around urban areas. Measures must be taken to plant trees in residential compounds, along both sides of roads. Green zones must be established during the term of the SAC. As the dry season is approaching, steps must be taken for continuous growth of trees, which have been planted.

**Industrial manufacturing must be encouraged in operating MSMEs**

In operating MSMEs for the development of manufacturing, it was found that about 50 percent of them are foodstuff industries. Industrial manufacturing must also be encouraged. It doesn't necessarily mean that heavy industries must be established because industrial manufacturing can be carried out with a few machines. Textile industries, production of electronic devices and iron and steel industries must also be supported. By doing so, the domestic demand can be fulfilled. Regional human resources development can be sustained by creating job opportunities and taking measures for economic development in respective regions and states. Members of the SAC are required to exert efforts for and encourage development of MSMEs in regions and states under their supervision.

**Members of SAC discuss relevant matters**

Then, members of the SAC reported to the Senior General on the desire of temporary IDPs to return to their areas as Loikaw region has been stable and peaceful, the need to cooperate between the government and the entire national people in shaping the better future for the country, field trips to respective areas to engage with local residents and farmers to hear their reports and fulfill their needs, clarifications on future tasks of the country, the need for armed terrorists to find solutions on the political path by abandoning the armed struggle, which is detrimental to the interests of the country and regions and continued rehabilitation tasks for victims in areas hit by natural disasters after the government helped overcome their food shortages.

Afterward, the Senior General made concluding remarks, saying in connection with stability and peace **it is its own residents who create conflicts in a country or in a region while some are instigated by those who are allergic to stability and peace. Similarly, it is its own residents who bring development and stability to a region.** Therefore, members of the SAC are urged to take preventive measures to reduce the acts of terrorism by armed groups, who are destroying regional stability and safety of residents in cooperation with local people.

In the five-point roadmap, the last point is to hold a free and fair multi-party general election in accordance with the 2008 constitution and to take measures to hand over the state power to the winning party in line with democratic norms. The SAC has been exerting its utmost efforts to hold the election and must be able to materialize a reputable election and a reputable Hluttaw.

**100**

# Farmers finish cultivation of vegetables on croplands in Kanbalu District

KANBALU November 19

According to the statistics of Kanbalu District Agriculture Department, a total of 2,431 acres of vegetables were planted in Kanbalu District of Sagaing Region this monsoon.

Local authorities earmarked cultivation of 2,475 acres of vegetables in the district as monsoon crops in 2024-2025 monsoon season but local farmers have planted 1,916 acres of vegetables in Kanbalu Township and 515 acres in Kyunhla Township, totalling 2,431 acres against the target cultivation.

Daw Mar Mar Win, Head of Kanbalu District Agriculture Department said: "This monsoon, a plan was set to grow 2,475 acres of vegetables in Kanbalu District. So far, local farmers have planted 2,431 acres of crops. They are trying hard to meet the target cultivation. They grow mustard, chilli, spicy, potato, cabbage, eggplant, cauliflower, Chinese cabbage and other crops. Our department shared agricultural techniques with local farmers and urged them to use GAP system. Moreover, farmer awareness was raised for production of healthy crops with least chemical residues."

In 2024-2025 monsoon season, Kanbalu Township set a plan to grow 1,963 acres of vegetables and Kyunhla Township, 512 acres, totalling 2,475 acres.

Seasonal vegetable plants are thriving in Kanbalu Township. Hence, local farmers earn increased incomes for their families. Officials of Township Agriculture Department share knowledge about use of correct agricultural techniques, prevention of pests, and making fertilizers and pests to cut agricultural costs.

**SMK**

# More than 1,000 acres of chilli planted in Yinmabin District

YINMABIN November 19

Statistics of Yinmabin District Agriculture Department stated that a total of 1,264 acres of chilli has been planted in Yinmabin District of Sagaing Region this monsoon.

The district earmarked cultivation of 1,095 acres of chilli in monsoon but local farmers have so far planted 1,264 acres of chilli exceeding the target cultivation.

Daw Myat Moe Win, Head of Yinmabin District Agriculture Department disclosed: "Local farmers exceeded cultivation of chilli on 1,264 acres of croplands more than the target of 1,095 acres. Chilli plantations are thriving in the district. Our department encourages local farmers to grow chilli on a commercial scale."

This year, Yinmabin Township planted 401 acres of chilli, Kani Township 156 acres, Salingyi Township 685 acres and Pale Township 22 acres, totalling 1,264 acres.

In 2024-2025 monsoon season, local authorities earmarked cultivation of 385 acres of chilli Yinmabin Township, Salingyi Township 690 acres and Pale Township 20 acres, totalling 1,095 acres.

Officials of the relevant district and township Agriculture Department share agricultural techniques with local farmers to combat pests and improve fertile soil.

Farmers need to spend Ks-1.5 million of growing chilli per acre for own land and Ks-2.5 million per acre for rented land. Chilli can be harvested once every 15 days till six months. It yields some 100 viss per acre in initial week and then, it produces 400-500 viss of chilli fruits per acre.

**SK**

# G20 leaders reaffirm commitment to multilateralism

RIO DE JANEIRO November19

G20 leaders reaffirmed their strong commitment to multilateralism and pledged to reform the global governance system, according to the G20 Rio de Janeiro Leaders' Declaration released on Tuesday.

The leaders pledged to work for a reinvigorated and streng thened multilateral system, rooted in the purposes and principles of the UN Charter and international law, with renewed institutions and a reformed governance that is more representative and effective.

They also pledged to reform the UN Security Council through a transformative reform that aligns it with the realities and demands of the 21st century and makes it more representative, inclusive and effective.

They underscored the need for enhancing the representation and voice of developing countries in decision-making in multilateral development banks and other international economic and financial institutions.

The leaders also voiced readiness to continue to stand by all the commitments made in the Common Framework for Debt Treatments beyond the Debt Service Suspension Initiative, including those in the second and final paragraphs.

On reforms in world trade, they emphasized the need to ensure a rules-based, non-discriminatory, fair, open, inclusive, equitable, sustainable and transparent multilateral trading system, with the WTO at its core.




They also voiced support for the necessary reform of the WTO with a view to having a fully and well-functioning dispute settlement system accessible to all members by 2024.

**Xinhua**

# Israel says Hezbollah rocket commander killed in airstrike in S. Lebanon

JERUSALEM November 19

Israel's military announced on Tuesday that the commander of Hezbollah's medium-range rocket unit was killed in an airstrike on Monday in southern Lebanon.

In a statement, the military said Ali Tawfiq Dweiq was killed by the Israeli Air Force in the village of Kfar Jouz, near the town of Nabatieh.

Dweiq had commanded Hezbollah's medium-range rocket array since September 2024, replacing the previous commander, who was also killed by Israel. The Israeli military said Dweiq was responsible for launching more than 300 projectiles toward Israel, including strikes on Haifa and central Israel.

Over the past few months, Israel has struck "dozens" of infrastructure sites used by Hezbollah's medium-range rocket array and weapons storage facilities, according to the military.

The assassination of Dweiq is the latest in a series of targeted killings by Israel, including the September airstrike in Beirut that killed Hezbollah late leader Hassan Nasrallah.

Israel and Hezbollah have been engaged in a cross-border conflict since October last year.

**Xinhua**

# Amendments to Russian nuclear doctrine intended to adapt it to modern realities - Kremlin



MOSCOW November 19

Earlier on Tuesday, the official website for legal acts released a decree signed by Russian President Vladimir Putin titled "On Approving the Fundamentals of the State Policy of the Russian Federation on Nuclear Deterrence."

Amendments to Russia's nuclear doctrine were introduced to adapt it to the realities of today's world, Kremlin spokesperson Dmitry Peskov said during a meeting on "New Opportunities for Cooperation Between Indian and Russian Media: Strengthening Ties Between the Peoples of India and Russia."

The event, held under Sputnik's aegis, brought together editors-in-chief of Indian media outlets.

"This [change] was necessary to adapt it [the doctrine] and ensure that our vision for the use of nuclear weapons aligns with the realities of today," Peskov stated.

Peskov emphasized the importance of a specific clause concerning aggression against Russia by a non-nuclear state when such aggression involves or is supported by a nuclear state.

**Sputnik**

# Lebanon, Hezbollah generally agree to US proposal for ceasefire with Israel - Reports

MOSCOW November 19

Lebanon and the Lebanese Hezbollah movement have agreed to the US proposal for a ceasefire with Israel, but with some comments on the content, media reported citing Ali Hassan Khalil, an aide to the speaker of the Lebanese parliament.

According to the official, this is the most serious effort to end the hostilities at the moment.

Lebanon handed over its written response to the US ambassador to Lebanon on Monday, the agency reported citing Khalil.

The official said that all the comments presented confirmed the strict compliance with UN Security Council Resolution 1701 and all its provisions. He also added that the success of the initiative now depended on Israel, which, according to him, "could make 100 problems" if it does not want a solution.

**Sputnik**



# ‘Another step up escalation ladder’: Trump pick rips Biden’s reported ok on deep strikes into Russia

MOSCOW November 19

The White House has yet to confirm information on the strikes, which Russia warns would signify the Western countries’ “direct participation” in the Ukraine conflict.

Mike Waltz, President-elect Donald Trump’s incoming national security adviser, has warned of unpredictable consequences from the Biden administration’s reported decision to allow Ukraine to use long-range US weapons inside Russia.

“It’s another step up the escalation ladder, and nobody knows where this is going,” Waltz told Fox News.

As for Trump, he is “talking grand strategy here: How do we get both sides to the table to end this war, what’s the framework for a deal and who is sitting at that table?” the incoming national security adviser added.

Late last week, the New York Times cited unnamed sources as saying that outgoing US President Joe Biden had for the first time authorized the Zelensky regime to use long-range US missiles to strike deep into Russian territory. The first such strikes will most likely be carried out with ATACMS missiles, per the sources. Neither the White House nor the Pentagon have confirmed the information.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Trends that Are Turning Up the Heat in Electric Vehicle Innovation

The list of benefits of Electric Vehicles is long and growing. They are conveniently more accessible than ever, cheaper and more cost-effective to operate, safer, quieter, and healthier to operate, with lower emissions and air pollution.

As the world takes final steps away from fossil fuels and towards a more sustainable future, there has been a technology revolution in the field of electric vehicles (EV) that is changing the automotive industry. The global crisis such as a pandemic, arms conflicts leads to oil prices soaring, resources shrinking and environmental pressures mounting, it's no wonder that the world is seeking out alternatives to hydrocarbon fuel vehicles. Many countries have even brought in legislation banning the sale of new non-electric vehicles as early as 2025. This makes the EV industry one of the most exciting, relevant, and necessary areas of design and innovation in 2022.

However, it's not easy to roll out a viable alternative to the Internal Combustion Engine. Many technologies open up new possibilities all the time. However, transforming these into motors, control technologies, and batteries, refining, and perfecting models, and encouraging wide-spread EV entrepreneurs can seize on the latest developments in the industry. Manage relationships with manu facturers, partners, suppliers and customers. Reducing product development times and bringing new ideas to market quickly, efficiently, and with minimal resources.

**What Is an Electric Vehicle**

An EV is a vehicle that uses one or more electric motors for propulsion. It can be powered by a collector system, with electricity from extravehicular sources, or it can be powered autonomously by a battery (sometimes charged by solar panels, or by converting fuel to electricity using fuel cells or a generator).

As we know, electricity is mainly produced by burning coal or hydropower plant or nuclear power plant, which produces a great number of greenhouse emissions. When EVs are charging from the grid then that mode of operation is



known as the Grid to Vehicles (G2V) and vice versa it is known as Vehicle to Grid (V2G). There is a great difference in demand between peak team and off-peak time.

The list of benefits of EVs is long and growing. They are conveniently more accessible than ever, cheaper and more cost-effective to operate, safer, quieter, and healthier to operate, with lower emissions and air pollution.

With these benefits in the spotlight and the driverless vehicle revolution taking place before our eyes, it is no wonder that consumers are starting to make their move towards an Electric Vehicle (EV).

**Youth Time Magazine**

# CATL's New Sodium-Ion EV Battery Works In -40 Degree Cold

**Some Chinese EVs already use sodium-ion batteries. Now they're hoping to unlock new levels of extreme weather performance.**

China is reaching new heights in diversifying the battery chemistries used in electric vehicles. The country is already leading in subcategories of lithium-based chemistries, like nickel-manganese-cobalt (NMC), nickel-aluminum-cobalt (NCA) and lithium-iron-phosphate (LFP). Earlier this year, state-run utility company China Southern Power Grid even deployed sodium-ion batteries for stationary energy storage. Now CATL, the world's largest battery maker, claims to have unlocked new levels of extreme weather performance with sodium-ion batteries.




The role of sodium ions is similar to lithium ions, where charge-carrying ions travel between the positive and negative electrodes during the charge and discharge cycles. Studies suggest that sodium-ion batteries could eliminate the pesky traits of lithium-ions: There's less risk of thermal runaway, they can operate at varied temperatures and crucially, the cost of sodium hydroxide, a key raw material, is far lower than lithium-hydroxide. (Although battery companies have reached better economies of scale with lithium-ions.)

Sodium-ion batteries have already entered production in China. Cars that use them include the Yiwei EV produced by Volkswagen-backed JAC and the JMEV EV3. Speaking at the World Young Scientists Summit, CATL chief scientist Wu Kai said that its second-generation sodium-ion cells can discharge normally even at -40 degrees Celsius, as per several local Chinese media reports. That means EVs with such batteries won't lose range under frigid temperatures, which could help address some of the lingering concerns regarding the extreme weather performance of batteries. They will launch in 2025 in China, with mass production expected to begin in 2027.

Extreme heat and extreme cold are both enemies of a lithium-ion battery. In extreme cold, chemical processes within a cell slow down, as lithium-ions can't move as freely as they can under normal temperatures. Similar to how water struggles to flow through frozen pipes, electrical energy in a cold battery faces more resistance. This leads to lower driving range, longer charging times and prolonged exposure to extreme temperatures can even impact long-term battery health. At least in theory, sodium ions solve this problem as they're far more resilient.

Tesla's 4680 NCM cells in some newer Model Ys have an estimated energy density of up to 296 watt-hours per kilogram, as per some early teardowns. Sodium-ion batteries are less energy-dense. While CATL has not disclosed the energy density of the new cells, it reportedly aims to reach a figure of 200 Wh/kg—a tough goal given that even LFP batteries have only recently hit that mark. That would only be appropriate for low-range EVs or entry-level trims. Some reports also claim sodium-ion batteries are expected to replace 20-30 percent of LFP batteries in select applications.

A study published in the U.S. government's National Library of Medicine calls sodium-ion batteries a "rising star." Battery giants like CATL, BYD, and Sweden's Northvolt are already investing in and developing these next-generation cells. So either way, one thing is clear: the future of battery chemistry isn't headed in a single direction but will likely embrace a mix of chemistries tailored to specific use cases.

**InsideEVs**

SPECIAL REPORTS ON RUSSIA-UKRAINE CONFLICT

# ရုရှားသမ္မတဗလာဒီမာပူတင်က နျူကလီးယားမူဝါဒအသစ်ကို အတည်ပြုကြောင်းထုတ်ပြန်



ရုရှားသမ္မတဗလာဒီမာပူတင်က နိုင်ငံအတွက်ချမှတ်ထားတဲ့ နျူကလီးယားမူဝါဒအသစ်ကို အတည်ပြုလိုက်ပြီလို့သိရပါတယ်။ ရုရှားအစိုးရအဖွဲ့က နျူကလီးယားမူဝါဒအသစ်ကို စက်တင်ဘာလကတည်းကထုတ်ပြန်ကြေညာတာဖြစ်ပြီး နိုဝင်ဘာလ ၁၉ ရက်ကျမှသာ သမ္မတကအတည်ပြုလိုက်တာပါ။

နျူကလီးယားမူဝါဒအသစ်အရဆိုရင် အဖျက်စွမ်းအားပြင်းလက်နက်များ ဒါမှမဟုတ် သမားရိုးကျလက်နက်ကိုမှအလွန်ကြီးမားသောပမာဏကို ပိုင်ဆိုင်ထားတဲ့ ရန်လိုသောအင်အားကြီးနိုင်ငံများ ဒါမှမဟုတ် စစ်ရေးအဖွဲ့အစည်းများကပြုလုပ်လာနိုင်တဲ့ ရန်စတိုက်ခိုက်မှုကိုကာကွယ်နိုင်ရေးအတွက် နျူကလီးယားအဟန့်အတားကို အသုံးပြုနိုင်တယ်လို့ဆိုရမှာဖြစ်ပါတယ်။

ဒါ့အပြင် ရုရှားအပေါ်တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းနဲ့ ဒီလိုမျိုးတိုက်ခိုက်မှုကိုလုပ်ဆောင်နိုင်ဖို့အတွက် ပြင်ဆင်နိုင်ရန် အခြားသောနိုင်ငံများ၊ အဖွဲ့အစည်းများကို အချုပ်အခြာပိုင်နက်နယ်မြေ ထောက်ပံ့ပေးတဲ့နိုင်ငံများသည်လည်း အခုအတည်ပြုလိုက်တဲ့ နျူကလီးယားမူဝါဒအသစ်နဲ့ အကျုံးဝင်တယ်လို့ဆိုပါတယ်။

ဒါတင်မကသေးပါဘူး။ စစ်အုပ်စုတစ်ခုရဲ့အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့ နျူကလီးယားလက်နက်ကို မပိုင်ဆိုင်သည့်တိုင်အောင် ရုရှားကိုတိုက်ခိုက်မှုလုပ်ဆောင်လာမယ်ဆိုရင် ဒီလိုမျိုးတိုက်ခိုက်မှုကို အဲဒီစစ်အုပ်စုတစ်ခုလုံးရဲ့ တိုက်ခိုက်မှုအဖြစ်သတ်မှတ်သွားမယ်လို့လည်း ဆိုထားတာတွေ့ရပါတယ်။

နိုင်ငံတစ်နိုင်ငံက စစ်အုပ်စုတစ်ခုခုရဲ့အဖွဲ့ဝင်မဟုတ်သော်လည်း နျူကလီးယားလက်နက်ပိုင်နိုင်ငံများရဲ့ ကျောထောက်နောက်ခံပြုမှုနဲ့ ရုရှားကိုတိုက်ခိုက်လာမယ်ဆိုရင်လည်း အခုအတည်ပြုလိုက်တဲ့မူဝါဒကအကျုံးဝင်ဦးမှာပါ။

ရုရှားရဲ့သဘောထားကတော့ အကယ်၍ သူ့နိုင်ငံအနေနဲ့တိုက်ခိုက်ခံရပြီဆိုရင် တိုက်ခိုက်လာနိုင်သူနိုင်ငံအနေနဲ့ လက်တုံ့ပြန်ချိန်တောင်မရဘဲဖြစ်သွားမယ်ဆိုတာကိုသိစေချင်တဲ့အတွက် ဒီမူဝါဒကိုသတ်မှတ်ခြင်းဖြစ်တယ်လို့ မူဝါဒရဲ့ဖော်ပြချက်မှာတွေ့ရပါတယ်။

ရုရှားနိုင်ငံရဲ့မဟာမိတ်နိုင်ငံများသည်လည်း ရုရှားနိုင်ငံလိုမျိုးပဲ ကာကွယ်မှုမျိုးရရှိစေရမယ်လို့ နျူကလီးယားမူဝါဒအသစ်မှာဖော်ပြထားပါသေးတယ်။

ရာထူးကနေ မကြာမီဆင်းပေးတော့မယ့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရက ယူကရိန်းနိုင်ငံအနေနဲ့ ရုရှားနိုင်ငံရဲ့အတွင်းပိုင်းအထိကို တိုက်ခိုက်မှုတွေလုပ်နိုင်ဖို့အတွက် အမေရိကန်ထုတ်တာဝေးပစ်လက်နက်များ အသုံးပြုခွင့်ပေးတယ်လို့သတင်းတွေထွက်ပေါ်လာပြီးနောက် ရက်ပိုင်းအကြာမှာပင် ရုရှားက အခုလိုမျိုး နျူကလီးယားမူဝါဒအသစ်ကို အတည်ပြုပေးလိုက်တာဖြစ်ပါတယ်။

အမေရိကန်ရဲ့ အခုလိုမျိုးခွင့်ပြုပေးမှုကြောင့် ယူကရိန်းကလုပ်ဆောင်လာနိုင်တဲ့တိုက်ခိုက်မှုမျိုးဟာ ရုရှားနိုင်ငံနဲ့ NATO တပ်ဖွဲ့တို့ကြားမှာ တိုက်ရိုက်စစ်ပွဲကိုဖြစ်ပွားလာစေလိမ့်မယ်လို့လည်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြင်းပြင်းထန်ထန်သတိပေးထားကြောင်း ရုရှားသတင်းဌာနများရဲ့ ထုတ်ပြန်ချက်မှာဖော်ပြထားတာတွေ့ရပါတယ်။

**Ref: RT**

**K.H**

# ယူကရိန်းက အမေရိကန်ထုတ် ATACMS ဒုံးကျည်များဖြင့် ရုရှားနိုင်ငံ၏ဘီယန့်(စ်)မြို့ကိုတိုက်ခိုက်



ယူကရိန်းတပ်မတော်က အမေရိကန်နိုင်ငံထုတ် ATACMS ဒုံးကျည်အမြောက်အမြားနဲ့ ရုရှားနိုင်ငံ ဘီယန့်(စ်)မြို့ကို ပစ်ခတ်တိုက်ခိုက်မှုတွေ လုပ်တယ်လို့ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ပါတယ်။

နိုဝင်ဘာလ ၁၉ ရက်မှာထုတ်ပြန်တဲ့ ရုရှားကာကွယ်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရဆိုရင် ယူကရိန်းက ရုရှားကို အမေရိကန်နိုင်ငံထုတ် ATACMS ဒုံးကျည်ခြောက်စင်းနဲ့ ပစ်ခတ်တာဖြစ်တယ်လို့ သိရပါတယ်။

အဲဒီဒုံးကျည်တွေထဲကမှ ငါးစင်းကိုကျတော့ ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့တွေက S-400 နဲ့ Pantsir air လေကြောင်းရန်ကာကွယ်ရေးစနစ်များအသုံးပြုပြီးကြားဖြတ်ဟန့်တားလိုက်နိုင်တယ်လို့ဆိုပါတယ်။ နောက်တစ်စင်းကိုတော့ ကြားဖြတ်မဟန့်တားနိုင်ပေမယ့် ပျက်စီးအောင်လုပ်လိုက်နိုင်တာကြောင့် အဲဒီဒုံးကျည်က ဘီယန့်(စ်)မြို့ရှိစစ်စခန်းတစ်ခုရဲ့မြေကွက်လပ်အပေါ် ကျရောက်ပြီး မီးလောင်မှုဖြစ်ပွားတယ်လို့ ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။

ယူကရိန်းနိုင်ငံက အမေရိကန်နိုင်ငံထုတ်တာဝေးပစ်ဒုံးကျည်တွေကိုအသုံးပြုပြီး ရုရှားနိုင်ငံအတွင်းပိုင်းဒေသအထိ ပစ်ခတ်တိုက်ခိုက်မှုတွေလုပ်နိုင်ပြီလို့ အမေရိကန်ဘက်က မီးစိမ်းပြပြီးနောက် အခုလိုမျိုးတိုက်ခိုက်မှုတွေ လုပ်လာတာဖြစ်ပါတယ်။

ဒါ့အပြင် ယူကရိန်းနိုင်ငံမှမီဒီယာတွေကလည်း ယူကရိန်းတပ်မတော်အနေနဲ့ နိုင်ငံတကာအသိအမှတ်ပြုထားတဲ့ ရုရှားနယ်မြေအတွင်းပိုင်းကို ATACMS ဒုံးကျည်တွေအသုံးပြုပြီး ပထမဆုံးအကြိမ်အဖြစ် ပစ်ခတ်တိုက်ခိုက်မှုတွေလုပ်ဆောင်ခဲ့တယ်လို့ တရားဝင်ထုတ်ပြန်ထားတာတွေ့ရပါတယ်။

ယူကရိန်းအနေနဲ့ အနောက်အုပ်စုကထောက်ပံ့ပေးထားတဲ့ တာဝေးပစ်လက်နက်တွေနဲ့ ရုရှားကိုတိုက်ခိုက်လာမယ်ဆိုရင် ဒါဟာလက်ရှိဖြစ်ပွားနေတဲ့ ပဋိပက္ခကို ပိုမိုတင်းမာလာစေလိမ့်မယ်ဆိုပြီး ရုရှားသမ္မတဗလာဒီမာပူတင်က အစောပိုင်းကတည်းက သတိပေးပြီးသားပါ။

ဘီယန့်(စ်)မြို့ဆိုတာက ရုရှားနိုင်ငံရဲ့ အနောက်ပိုင်းမှာတည်ရှိပြီး ယူကရိန်းနဲ့ ဘယ်လာရုစ်နိုင်ငံတို့နဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့နေရာတစ်ခုဖြစ်ကြောင်း သိရပါတယ်။

**Ref: RT**

**K.H**

# NATO အဖွဲ့ဝင်နိုင်ငံကြီးများက ဂျိုးဘိုင်ဒင်ရဲ့ဆုံးဖြတ်ချက်အပေါ် သံသယထားနေ

NATO တပ်ဖွဲ့ဝင်နိုင်ငံကြီးတွေက ပြီးခဲ့တဲ့သီတင်းပတ်အကုန်ပိုင်းမှာ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်ချမှတ်လိုက်တဲ့ ယူကရိန်းကို တာဝေးပစ်ဒုံးကျည်များအသုံးပြုခွင့်ပေးမှုဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး သံသယထားနေတယ်လို့ဆိုပါတယ်။

ဂျာမနီ၊ ပြင်သစ်နဲ့ ဗြိတိန်နိုင်ငံတို့က တာဝေးပစ်ဒုံးကျည်များပိုင်ဆိုင်တဲ့နိုင်ငံတွေဖြစ်ပေမယ့် ယူကရိန်းက ထပ်တလဲလဲတောင်းဆိုထားသည့်တိုင် အမေရိကန်လိုမျိုးခွင့်ပြုချက်မပေးထားကြပါဘူး။

ဂျာမနီဝန်ကြီးချုပ် အိုလက်ရှော့ဆိုရင် ဂျာမနီနိုင်ငံသားအများအပြားက ဥရောပဒေသလုံခြုံရေး၊ ငြိမ်းချမ်းရေးတို့နဲ့ ပတ်သက်ပြီး စိုးရိမ်နေကြတယ်လို့ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့မှာဆောင်ရွက်တဲ့ G-20 ထိပ်သီးအစည်းအဝေးမှာ သတင်းထောက်တွေကိုပြောသွားပါတယ်။

ဂျာမနီနိုင်ငံဆိုရင် ရုရှား-ယူကရိန်းပဋိပက္ခဖြစ်တဲ့ကာလတစ်လျှောက် အမေရိကန်ရဲ့ဆုံးဖြတ်ချက်အတိုင်း လိုက်ပါလာခဲ့သူပါ။ ဒါပေမဲ့ ဒီတစ်ခေါက်မှာတော့ ဂျိုးဘိုင်ဒင်အနေနဲ့ ရာထူးကနေဆင်းခါနီးဖြစ်နေတာရယ်၊ မလိုအပ်ဘဲတင်းမာမှုတွေက ဒီထက်ပိုပြီးမြင့်တက်လာမှာကို မလိုလားတာရယ်တို့ကြောင့် ယူကရိန်းကို တာဝေးပစ်လက်နက်တွေထောက်ပံ့ပေးဖို့ တုံ့ဆိုင်းနေတာဖြစ်ပါတယ်။

ပြင်သစ်နဲ့ ဗြိတိန်တို့ကတော့ ယူကရိန်းကို သူတို့ရဲ့တာဝေးပစ်ဒုံးကျည်တွေပေးထားပေမယ့် အဲဒီလက်နက်တွေအသုံးပြုပြီး ရုရှားနိုင်ငံပိုင်နက်ထဲကိုတိုက်ခိုက်ဖို့အတွက်ကိုတော့ ခွင့်မပြုပေးထားပါဘူး။

နောက်တက်မယ့်အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကရွေးချယ်ထားတဲ့ အမျိုးသားလုံခြုံရေးအကြံပေး မိုက်ဝေ့ါကလည်း ဂျိုးဘိုင်ဒင်ရဲ့ဆုံးဖြတ်ချက်ကိုမကြိုက်ဘူးလို့အတိအလင်းပြောထားပါတယ်။

**Ref: RT**

**K.H**



# ထရမ့်လက်ထက်တွင် တောင်တရုတ်ပင်လယ်ပဋိပက္ခ ဆက်လက်ဖြစ်ပွားနိုင်နေဆဲဖြစ်၊ တရုတ်ကအကောင်းဆုံးပြင်ဆင်ထား

**ပေကျင်း၊ စစ်ရေး**


ဒေါ်နယ်ထရမ့်အနေဖြင့် အမေရိကန်သမ္မတအဖြစ် ထပ်မံတာဝန်ထမ်းဆောင်စဉ်တွင်လည်း တောင်တရုတ်ပင်လယ်ပဋိပက္ခသည် ဆက်လက်ဖြစ်ပွားနိုင်နေဆဲဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံက ယခုတစ်ကြိမ်တွင် အကောင်းဆုံးပြင်ဆင်ထားကြောင်း စစ်ရေးလေ့လာသူနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ အငြိမ်းစားအရာရှိကြီးတစ်ဦးကပြောသည်။

တောင်တရုတ်ပင်လယ်ပဋိပက္ခသည် ပိုမိုကြီးထွားလာနိုင်ပြီး ရေပြင် သို့မဟုတ် ဝေဟင်တွင်ပါ မတော်တဆမှုများ သို့မဟုတ် ဆိုးဝါးသည့် ပဋိပက္ခများဖြစ်လာနိုင်ကာ ထိုင်ဝမ်ကျွန်းအရေးထက်ပင် ပိုမိုအရေးပါသည့်အခြေအနေဖြစ်လာနိုင်ကြောင်း အငြိမ်းစားအကြီးတန်းဗိုလ်မှူးကြီးကျိုးဘိုကပြောသည်။

လက်ရှိတွင် တရုတ်နှင့်ဖိလစ်ပိုင်တို့ကြားတွင် တင်းမာမှုများဖြစ်ပေါ်နေသော်လည်း နောက်ဆုံးတွင်မူ ပင်လယ်ရေပိုင်နက်အငြင်းပွားမှုကို ဖြေရှင်းနိုင်မည်ဖြစ်သော်လည်း တောင်တရုတ်ပင်လယ်နှင့်ပတ်သက်၍ တရုတ်နှင့်အမေရိကန်တို့ကြား ပဋိပက္ခများပိုမိုဖြစ်ပွားလာနိုင်သည်ဟု ၎င်းကခန့်မှန်းထားသည်။

၂၀၂၁ ခုနှစ် ဆောင်းဦးရာသီမှ ၂၀၂၃ ခုနှစ် ဆောင်းဦးရာသီအတွင်း တောင်တရုတ်ပင်လယ်၌ အမေရိကန်လေယာဉ်များကို တရုတ်ဘက်က ကြားဝင်ဟန့်တားမှုအကြိမ်ရေ ၁၈၀ ကျော်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကိုကိုးကား၍ ကျိုးဘိုက ယခုကဲ့သို့ခန့်မှန်းထားခြင်းဖြစ်သည်။

ထို့ကြောင့် လေးရက်တစ်ကြိမ်နှုန်းဖြင့် ဖြစ်စဉ်များဖြစ်ပွားနေသည်ကို တွေ့ရပြီး အဓိကမှာ နိုင်ငံတကာဥပဒေအပေါ် နားလည်မှုလွဲမှားနေခြင်းဖြစ်ကြောင်း ကျိုးဘိုကပြောထားသည်။ **Ref: SCMP**




# စစ်ပွဲများဖြစ်ပွားမှု၊ ရာသီဥတုပြောင်းလဲမှုတို့ကို အရေးတယူဆောင်ရွက်ရန် G-20 ခေါင်းဆောင်များတိုက်တွန်း

**ရီယိုဒီဂျနေးရိုး၊ နိုင်ငံရေး**

ယူကရိန်းနှင့်အရှေ့အလယ်ပိုင်းဒေသ၌စစ်ပွဲများဖြစ်ပွားမှု၊ ရာသီဥတုပြောင်းလဲမှုတို့ကို အရေးတယူဆောင်ရွက်ရန် G-20 ခေါင်းဆောင်များ၏ နိုဝင်ဘာလ ၁၈ ရက် ထုတ်ပြန်ကြေညာချက်တွင် တိုက်တွန်းထားကြောင်းသိရသည်။

ဘရာဇီးနိုင်ငံ၌ဆောင်ရွက်လျက်ရှိသည့် G-20 ထိပ်သီးညီလာခံသို့တက်ရောက်လာသူ ကမ္ဘာ့ခေါင်းဆောင်များက စာမျက်နှာ ၂၂ မျက်နှာပါဝင်သည့် ထုတ်ပြန်ကြေညာချက်တွင် ယခုကဲ့သို့ဖော်ပြထားခြင်းဖြစ်သည်။

ထို့ပြင် အချို့သောအင်အားစုများသည် နိုင်ငံတစ်နိုင်ငံ၏ နယ်မြေတည်တံ့ခိုင်မြဲမှု သို့မဟုတ် နိုင်ငံရေးလွတ်လပ်ခွင့်တို့အပေါ် သပ်လျှိုနေကြောင်း G-20 ခေါင်းဆောင်များက အခိုင်အမာပြောထားသည်။

တစ်ချိန်တည်းမှာပင် ယူကရိန်းအရေးနှင့်ပတ်သက်၍ မည်သည့်ငြိမ်းချမ်းရေးဆောင်ရွက်မှုကိုမဆိုလက်ခံမည်ဖြစ်သည်ဟု ကြေညာချက်တွင်ဖော်ပြထားကြောင်း သိရသည်။ **Ref: SCMP**



# NATO အဖွဲ့ဝင်နိုင်ငံများက ပြည်သူများကို စစ်အတွက်ပြင်ဆင်ခိုင်းနေ

**ဘရပ်ဆဲ၊ လုံခြုံရေး**

NATO အဖွဲ့ဝင်နိုင်ငံများက ပြည်သူများကို ဖြစ်ပေါ်လာနိုင်သောစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်ခိုင်းနေကြောင်း သတင်းဌာန အများအပြားကဖော်ပြထားသည်။ ထိုပြင်ဆင်မှုများတွင် ပြည်သူများအနေဖြင့် စစ်ပွဲအတွက် မည်ကဲ့သို့ပြင်ဆင်ရမည်ဟူသော အကြံပေးစာအုပ်စာစောင်များဖြန့်ဝေမှုပါဝင်သည်ကိုတွေ့ရသည်။

ထိုသို့ပြင်ဆင်နေသည့် နိုင်ငံများတွင် ဆွီဒင်နိုင်ငံ၊ ဖင်လန်နိုင်ငံ၊ နော်ဝေနိုင်ငံ၊ ဒိန်းမတ်နိုင်ငံတို့ပါဝင်နေသည်။ ဆွီဒင်နိုင်ငံက ထုတ်ပြန်သော ပြည်သူများအတွက် အကြံပေးချက်တွင် စစ်ပွဲဖြစ်ပွားပါက လုပ်ဆောင်ရမည့်အရာများကို ရေးသားဖော်ပြထားသည်။

ဖင်လန်နိုင်ငံက မတော်တဆမှုများနှင့် ပဋိပက္ခများအတွက် ကြိုတင်ပြင်ဆင်ရေးဝက်ဆိုက်တစ်ခုကိုဖွင့်လှစ်ပေးထားကာ နော်ဝေအစိုးရက လက်ကမ်းစာစောင်များကိုဖြန့်ဝေပေးထားသည်။ အကြံပေးချက်များအားလုံးနီးပါးတွင် စားနပ်ရိက္ခာများကိုကြိုတင်စုဆောင်းထားရမည့်အချက်ပါဝင်ကြောင်းသိရသည်။ **Ref: RT**

## သတင်းတိုကဏ္ဍ

### ဘင်္ဂလားဒေ့ရှ်အစိုးရက ရှိတ်ဟာဆီနာကို နိုင်ငံသို့ပြန်လွှဲပေးရန် အိန္ဒိယကိုတောင်းဆိုသွားမည်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လက်ရှိတာဝန်ယူထားသော ကြားဖြတ်အစိုးရအဖွဲ့ခေါင်းဆောင် မူဟာမတ်ယူနွတ်က ၎င်း၏ အစိုးရအဖွဲ့အနေဖြင့် ရှိတ်ဟာဆီနာကို နိုင်ငံသို့ပြန်လွှဲပေးရန် အိန္ဒိယအစိုးရကို တောင်းဆိုသွားမည်ဖြစ်ကြောင်းပြောသည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ဟောင်းဖြစ်သည့် ရှိတ်ဟာဆီနာသည် နိုင်ငံအတွင်း သိတင်းပတ်များစွာကြာ ဆူပူဆန္ဒပြမှုများဖြစ်ပွားနေစဉ် ဩဂုတ်လတွင် နိုင်ငံမှ နေ၍ထွက်ပြေးသွားခြင်းဖြစ်ပြီး အိမ်နီးချင်းအိန္ဒိယနိုင်ငံ၌ ခိုလှုံနေသူဖြစ်သည်။

ရှိတ်ဟာဆီနာက နိုင်ငံမှထွက်ခွာသွားပြီးနောက် ၎င်း၏အစိုးရအဖွဲ့ဝင်တာဝန်ရှိသူအများအပြားအဖမ်းခံရကာ လူသတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ပြန်ပေးဆွဲမှု၊ လူသားမျိုးနွယ်စုအပေါ် ရာဇဝတ်မှုကျူးလွန်မှုနှင့် လူမျိုးတုံးသတ်ဖြတ်မှုတို့ဖြင့် တရားစွဲဆိုခြင်းခံထားရသည်။

ထို့ပြင် မူဟာမတ်ယူနွတ်သည် နိုင်ငံအတွက် ဆယ်စုနှစ်ပေါင်းများစွာ အခွန့်ရှည်မည့် ရွေးကောက်ပွဲစနစ်တစ်ခုကို ဖန်တီးနေကြောင်း သတင်းထောက်များကိုပြောထားသည်။ **Ref: RT**

### နယူးဒေလီ၌ လေထုညစ်ညမ်းမှုပိုမိုဆိုးဝါးလာ တက္ကသိုလ်များကို အွန်လိုင်းမှသင်ယူမှုစနစ်ပြောင်းလဲထား

အိန္ဒိယနိုင်ငံ၏မြို့တော် နယူးဒေလီမြို့၌လေထုညစ်ညမ်းမှုများသည် ပိုမိုဆိုးဝါးလာသောကြောင့် မြို့အတွင်းရှိတက္ကသိုလ်များကို အွန်လိုင်းမှသင်ယူမှုစနစ်ပြောင်းလဲထားကြောင်း တာဝန်ရှိသူများက နိုဝင်ဘာလ ၁၉ ရက်တွင်ထုတ်ပြန်သည်။

နယူးဒေလီမြို့သည်ပြီးခဲ့သည့်ရက်များကတည်းက လေထုညစ်ညမ်းမှုကို ရင်ဆိုင်နေရခြင်းဖြစ်ပြီး တာဝန်ရှိသူများက တင်းကျပ်သောဆောင်ရွက်ချက်များကို လုပ်ဆောင်နေရသည်။

အဆိုပါဆောင်ရွက်ချက်များ၌ မြို့ရှိမူလတန်းနှင့်အလယ်တန်းကျောင်းများကို ပိတ်ထားခြင်းလည်းပါဝင်ကာ ယခုအခါ တက္ကသိုလ်နှစ်ခုကိုပါ နိုဝင်ဘာလ ၂၂ ရက်နှင့် ၂၃ ရက်အထိ အသီးသီးပိတ်ထားရန် ဆောင်ရွက်လာခြင်းဖြစ်သည်။

နိုဝင်ဘာလ ၁၉ ရက်တွင် တိုင်းတာချက်များအရ နယူးဒေလီမြို့နှင့်ပတ်ဝန်းကျင်၌လေထုညစ်ညမ်းမှုပမာဏအညွှန်းကိန်းမှာ ၅၀၀ နီးပါးအထိရှိနေကြောင်း သိရသည်။ **Ref: Xinhua**

### လက်ဘနွန်နှင့်ဟစ်ဇဘိုလာတို့က အမေရိကန်၏ အပစ်အခတ်ရပ်စဲရေးအဆိုပြုမှုကို ယေဘုယျသဘောတူ

လက်ဘနွန်အစိုးရနှင့် ဟစ်ဇဘိုလာတပ်ဖွဲ့တို့သည် အမေရိကန်ကအဆိုပြုသည့် အစ္စရေးနှင့်အပစ်အခတ်ရပ်စဲရေးကို ယေဘုယျအားဖြင့် သဘောတူသည်ဟု လက်ဘနွန်လွှတ်တော်မှတာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ အပစ်အခတ်ရပ်စဲရေးသည် လက်ရှိအချိန်အခါတွင် ပဋိပက္ခများကို ရပ်စဲရန် အရေးကြီးဆုံးသောကြိုးပမ်းအားထုတ်မှုဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးဖြစ်သည့် အလီဟက်ဆန်ခါလီက ပြောထားသည်။

ထိုသို့သဘောတူမှုအကြောင်းရေးထားသည့်စာကို လက်ဘနွန်အစိုးရက အမေရိကန်သံအမတ်ကြီးထံသို့ လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း၊ ယခုအခါ အပစ်အခတ်ရပ်စဲရေးသည် အစ္စရေးအပေါ်၌သာမူတည်တော့ကြောင်းနှင့် အစ္စရေးတို့က အဖြေတစ်ခုကိုမလိုချင်သောအခါ ပြဿနာပေါင်း ၁၀၀ ကို ဖန်တီးလာနိုင်သည်ဟု အလီဟက်ဆန်ခါလီ၏ပြောဆိုချက်ကိုကိုးကား၍ သတင်းဌာနများကဖော်ပြထားသည်။

**Ref: Sputnik**

### ဖိလစ်ပိုင်မြောက်ပိုင်းရှိ နေအိမ်ထောင်ပေါင်းများစွာ ရေလွှမ်းမိုးခံရ

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းသို့ တိုင်ဖွန်းမုန်တိုင်းမန်ရီ ဝင်ရောက်တိုက်ခတ်သွားမှုကြောင့် လေးမီတာကျော်အမြင့်ရှိသည့် ရေများ ဝင်ရောက်လာသည့်အတွက် နေအိမ်ထောင်ပေါင်းများစွာမှာ ရေလွှမ်းမိုးမှုနှင့်ရင်ဆိုင်နေရကြောင်း တာဝန်ရှိသူများက နိုဝင်ဘာလ ၁၉ ရက်တွင်ထုတ်ပြန်သည်။

မုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းသည့်အတွက် ကာဂါယန်မြစ်နှင့် မြစ်လက်တက်များ၏ကမ်းပါးများပြိုကျခြင်း၊ မြစ်ရေကြီးခြင်း၊ ဆည်မှရေများဖောက်ချရခြင်းတို့ကြောင့် ရေလွှမ်းမိုးမှုဒဏ်ကို နေအိမ်ထောင်ပေါင်းများစွာက ခံစားရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံအတွက် ယခုနှစ်အတွင်း ၁၆ လုံးမြောက်မုန်တိုင်းဖြစ်သည့် မန်ရီမဝင်ရောက်မီကပင် တာဝန်ရှိသူများက မုန်တိုင်းဖြတ်သန်းနိုင်သည့်လမ်းကြောင်းတစ်လျှောက်ရှိ ပြည်သူတစ်သန်းကျော်ကိုဘေးကင်းရာသို့ပို့ဆောင်ပေးထားနိုင်သည့်အတွက် ထိုမုန်တိုင်းကြောင့်လူရှစ်ဦးသာ သေဆုံးထားကြောင်းသိရသည်။

**Ref: TST**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အသင်းလိုက်အားကစားနည်းများအတွက် ပွဲစဉ်ဇယားမဲနှိုက်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အသင်းလိုက် အားကစားနည်းများအတွက် ပွဲစဉ်ဇယားမဲနှိုက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်းနှင့် မသန်စွမ်းအားကစားနည်း လေးနည်းတို့ဖြင့် ကျင်းပသွားမည်ဖြစ်၍ ဝန်ကြီးဌာနအဆင့် အသင်းလိုက် အားကစားနည်းများဖြစ်သည့် ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းအားကစားနည်းများအတွက် အုပ်စုမဲနှိုက်ခြင်းနှင့်ပွဲစဉ်ဇယားများ ကြိုတင်ရေးဆွဲနိုင်ရေးအတွက် ယခုအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲယှဉ်ပြိုင်ကစားရာတွင် တရားမျှတမှုရှိစေရေးအတွက် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေများအတိုင်း လိုက်နာယှဉ်ပြိုင်သွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဝန်ကြီးဌာနအဆင့် အသင်းလိုက်အားကစားနည်းများဖြစ်သည့်ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းအားကစားနည်းများအတွက် အုပ်စုမဲနှိုက်ခြင်းနှင့် ပွဲစဉ်ဇယားများ ကြိုတင်ရေးဆွဲခြင်းများကို ဆောင်ရွက်သည်။

အဆိုပါအခမ်းအနားသို့ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီဥက္ကဋ္ဌအားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဝန်ကြီးဌာနများမှ အသင်းအုပ်ချုပ်သူများ၊ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်လွင်(မြဝတီ)**




# ရုရှားနိုင်ငံ RC Investments နှင့် သဘာဝရှက်ဖျန်းအားဆေးရည်ထုတ်လုပ်မည့် စက်ရုံတည်ဆောက်ရေးဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၉**


စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ရုရှားနိုင်ငံ RC Investments ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Artemii ALIMOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားနိုင်ငံထုတ် မြေဩဇာ စက်ရုံ တည်ဆောက်ရင်းနှီးမြှုပ်နှံရေး၊ သဘာဝရှက်ဖျန်းအားဆေးရည် ထုတ်လုပ်မည့်စက်ရုံ တည်ဆောက်ရေးစီမံကိန်းနှင့် မျိုးစေ့ထုတ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရေးကိစ္စများနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနား ပြင်ဆင်မည့်နေရာများနှင့် အိပ်ဆောင်များကို ဒုတိယဝန်ကြီး ဦးဝင်းဖေ ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၁၉**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့မွန်းလွဲပိုင်းတွင်အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနားကျင်းပမည့်နေရာများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ဒိုင်/ဂျူရီများ တည်းခိုနေထိုင်မည့် အိပ်ဆောင်ပြုပြင်မွမ်းမံဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အမှတ်(၁)ဂိတ် ဝင်/ထွက်ပေါက်တွင် အမျိုးသားအားကစားပွဲတော် ဆိုင်းဘုတ်ဗီနိုင်း တပ်ဆင်ထားရှိမှုများ၊ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲများ တက်ရောက်ကြည့်ရှုအားပေးမည့် နေရာထိုင်ခင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် စတိတ်စင်နောက်ခံပြင်ဆင်နိုင်ရေးကိစ္စရပ်များ၊ ရေကူးကန်အတွင်း ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် နောက်ခံဆိုင်းဘုတ် တပ်ဆင်ထားရှိမှု၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလံများတပ်ဆင်ထားရှိမှုအခြေအနေများ၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) Cluster–5 ရှိ ဒိုင်/ဂျူရီများ တည်းခိုနေထိုင်မည့်အိပ်ဆောင်များ ပြုပြင်မွမ်းမံဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနားကို ခမ်းခမ်းနားနားနှင့် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေး၊ အခမ်းအနားပြင်ဆင်ရာတွင် လစ်ဟင်းမှုများ၊ လိုအပ်ချက်များမရှိစေရေးအတွက် စစ်ဆေးကြပ်မတ်သွားရန်နှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတကာခြေစမ်းပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်အသင်းက လက်ဘနွန်အသင်းကို ၃ ဂိုး ၂ ဂိုးဖြင့်ရှုံးနိမ့်

**ရန်ကုန် နိုဝင်ဘာ ၁၉**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) အသိအမှတ်ပြု နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းနှင့် လက်ဘနွန်အသင်းတို့ကစားခဲ့ရာ မြန်မာ့လက်ရွေးစင်အသင်းက အပြန်အလှန်သွင်းဂိုးများနှင့်အတူ ၃ ဂိုး ၂ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

လက်ဘနွန်အသင်းအတွက် ဦးဆောင်ဂိုးကို မာလက်ဖာခါရိုကလည်းကောင်း၊ ဒုတိယဂိုးနှင့်အနိုင်ဂိုးကို မာဟာတ်ကလည်းကောင်း သွင်းယူနိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းအတွက် ဦးဆောင်ဂိုးကို သီဟဇော်ကလည်းကောင်း၊ ဒုတိယဂိုးကို မောင်မောင်လွင်ကလည်းကောင်း သွင်းယူပေးခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလအတွင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အသိအမှတ်ပြု နိုင်ငံတကာခြေစမ်းပွဲစဉ်နှစ်ပွဲကစားခဲ့ရာ ပထမပွဲစဉ်တွင် စင်ကာပူအသင်းကို ၃ ဂိုး ၂ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး လက်ဘနွန်အသင်းကိုလည်း ခံစစ်ပိုင်းလိုအပ်ချက်များကြောင့် ၃ ဂိုး ၂ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရေနံချောင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံ ၁၅၂၈၉ ဧကစိုက်ပျိုးပြီးစီးကာ သီးနှံများအောင်မြင်ဖြစ်ထွန်း



ရေနံချောင်း နိုဝင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံ ၁၅၂၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ သီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေနံချောင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် တစ်မြို့နယ်လုံးအနေဖြင့် ပဲစင်းငုံ ၁၄၂၀၂ ဧကလျာထားစိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၁၅၂၈၉ ဧကစိုက်ပျိုးပြီးစီးခဲ့ပြီး လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကာ ယခုအခါ အပွင့်၊ အသီးများ လှိုင်လှိုင်ထွက်ပေါ်၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပဲစင်းငုံကို မုန့်လုပ်ငန်းများတွင် အဓိကအသုံးပြုပြီး ပြည်တွင်းပဲစားသုံးမှုဖူလုံပိုလျှံစေရန်နှင့် ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ရန် သတ်မှတ်လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ သီးနှံအထွက်နှုန်း ကောင်းမွန်စေရေး၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲနိုင်စေရေး၊ ပိုးမွှားရောဂါမကျရောက်အောင် ကြိုတင်ကာကွယ်နှိမ်နင်းနိုင်ရေး၊ အရည်အသွေးပြည့်ဝသောသီးနှံများ ရရှိစေရေး ကွင်းဆင်းကြီးကြပ်ကာ နည်းပညာများ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်၌ ပဲစင်းငုံကို မြေပဲ၊ နှမ်း၊ ပဲတီစိမ်း စသည့်သီးနှံစိုက်ခင်းများတွင် သီးညှပ်အဖြစ် အများဆုံးစိုက်ပျိုးကြကြောင်းနှင့် အရင်းအနှီးနည်းပြီး အမြတ်များများရရှိသော သီးနှံဖြစ်သည့်အတွက် တောင်သူများ အားထားစိုက်ပျိုးသည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောက်ဆည်မြို့နယ်၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ပုံပြောပြိုင်ပွဲနှင့်ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ



ကျောက်ဆည် နိုဝင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို နိုဝင်ဘာလ ၁၈ ရက်က ကျောက်ဆည်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်များအကြောင်း သိရှိစေရန် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း၊ အမျိုးသားနေ့ဖြစ်ပေါ်လာပုံ သမိုင်းများနှင့်သိကောင်းစရာများ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များရှင်သန်ထက်မြက်စေရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ ထိန်းသိမ်းနိုင်ရေးနှင့် ကာကွယ်စောင့်ရှောက်နိုင်ရေးတို့ကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူများကို တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်စာစောင်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

# ရန်ကုန်တိုင်းဒေသကြီး ကြက်တောင်အသင်း အမျိုးသားအားကစားပွဲတော်အတွက် စခန်းသွင်းပြင်ဆင်လေ့ကျင့်လျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး ကြက်တောင်အသင်းသည် ၂၀၂၂ ခုနှစ်က ကျင်းပပြီးစီးခဲ့သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ခြောက်ဆုအနက် ငါးဆုဆွတ်ခူးရယူနိုင်ခဲ့သော အသင်းဖြစ်သည့်အားလျော်စွာ ယခုအခါ နေပြည်တော်၌ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အတွက် စခန်းသွင်းပြင်ဆင်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

"နေပြည်တော်မှာကျင်းပမယ့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အတွက် ကြက်တောင်အသင်း အမျိုးသားအသင်းကိုရော အမျိုးသမီးအသင်းကိုပါ အောက်တိုဘာလ ၁ ရက်ကစပြီး စခန်းသွင်းလေ့ကျင့်နေပါတယ်။ ပြိုင်ပွဲမတိုင်မီအထိ ဆက်လက်လေ့ကျင့်သွားမှာပါ။ တိုင်းဒေသကြီးနဲ့ပြည်နယ်ပြိုင်ပွဲ (၂၀၂၂) မှာ ရွှေတံဆိပ်ခြောက်ဆုပေးရာမှာ ရန်ကုန်တိုင်းဒေသကြီး ကြက်တောင်အသင်းက ရွှေတံဆိပ်ငါးဆုရထားပါတယ်။ ဒီတစ်ကြိမ်မှာတော့ ကျွန်တော်တို့က အသင်းလိုက်နှစ်ပွဲပဲရှိတာဖြစ်တဲ့အတွက် ရွှေတံဆိပ်နှစ်ဆုရရှိဖို့ မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့ လက်ရှိချန်ပီယံဆုကို ကာကွယ်ဖို့ အမျိုးသားအသင်းရော အမျိုးသမီးအသင်းပါ အသင့်ဖြစ်နေပါပြီ" ဟု ရန်ကုန်တိုင်းဒေသကြီး ကြက်တောင်အသင်းအုပ်ချုပ်သူ ဦးဇော်မျိုးထွန်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ကြက်တောင်အသင်းသည် အောက်တိုဘာလ ၁ ရက်မှစ၍ ကစားသမား ၁၄ ဦး၊ အုပ်ချုပ်သူနည်းပြလေးဦးတို့ဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားကွင်းမိုးလုံလေလုံအားကစားခန်းမ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ကြက်တောင်အသင်းအနေဖြင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း နှစ်သင်းစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကစားသမားများရွေးချယ်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော်ကျင်းပ၍ အမျိုးသားခုနစ်ဦး၊ အမျိုးသမီးခုနစ်ဦး စုစုပေါင်း ၁၄ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်ကာ အမျိုးသားအသင်းအုပ်ချုပ်သူ၊ အမျိုးသမီးအသင်းအုပ်ချုပ်သူ၊ အမျိုးသားအသင်းနည်းပြ၊ အမျိုးသမီးအသင်းနည်းပြတို့ဖြင့် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိလည်းကောင်း စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**ဝန်းရံခ**

# တံတားဦးမြို့၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း အသိပညာပေးဟောပြော

တံတားဦး နိုဝင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့မရဲစခန်းနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၁၉ ရက်တွင်တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကိုကိုမောင်က အမှာစကားပြောကြားပြီး တံတားဦးမြို့မရဲစခန်း စခန်းမှူး ဒုတိယရဲအုပ် ဟန်ထွန်းအောင်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်း အသိပညာပေးဟောပြောရာတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မူးယစ်ဆေးဝါးအစ ဆေးလိပ်က ဆိုသည့်အတိုင်း ဆေးလိပ်သောက်ခြင်းကို မပြုလုပ်ကြရန်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သော စိတ်ပိုင်းဆိုင်ရာထိခိုက်မှု၊ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများ၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးအန္တရာယ်၊ ဆေးခြောက်အန္တရာယ်၊ စိတ်ကြွရူးသွပ်ဆေးပြားအန္တရာယ်နှင့် လူငယ်များမူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ရှောင်ရှားကြရန်ဟောပြောကာ တက်ရောက်လာကြသည့် ကျောင်းသား ၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့မရဲစခန်းမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား တံတားဦးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

မှတ်စုတို

# ဆလုံလူမျိုးတို့၏ ဓလေ့

မောင်သာ(ရွှေဟောင်းသုတေသန)

ပင်လယ်ပျော်လူမျိုးများဟု တင်စားခေါ်ဆိုသည့် ဆလုံများကို မော်ကင်းဟုလည်းခေါ်ကြသည်။ ဆလုံများကိုဒေသခံများက မော်ကယ်ဟုခေါ်၍ မြန်မာတို့က ဆလုံဟု ခေါ်ဆိုသည်။ လှေများပေါ်တွင် အိမ်ကဲ့သို့ နေထိုင်ကာ ပင်လယ်အတွင်း၌ သားငါး၊ ပုစွန်နှင့်ပုလဲရှာဖွေကာ အသက်မွေးသည့် ဆလုံလူမျိုးများကို မြန်မာနိုင်ငံ မြိတ်ကျွန်းစုဒေသတွင် အများဆုံး တွေ့ရသည်။

ဆလုံများသည် နေရာတစ်ခုတွင် အတည်တကျ နေထိုင်ခြင်းမရှိဘဲ ပင်လယ်ပြင်၌ လှည့်လည်သွားလာကြကာ ရေကူးရေငုပ်ကျွမ်းကျင်သောကြောင့် Sea Gypsy ဟု ခေါ်ဆိုကြသည်။ ဆလုံများသည် လှေတွင် အသုံးအဆောင်များ၊ အစာရေစာများနှင့် ခွေး၊ ကြောင်၊ ကြက်စသည့် အိမ်မွေးတိရစ္ဆာန်များကို တင်ဆောင်သွားလာကြသဖြင့် ဆလုံသစ်ထွင်းလှေသည် ဆလုံအိမ်ပင်ဖြစ်သည်။

ဆလုံများသည် မိမိတို့လှေကို ပေါ့ပါးသည့် သစ်လုံးကိုထွင်းကာပြုလုပ်ကြပြီး ပင်လယ်ပြင်တွင် ရာသီဥတုဆိုးရွားချိန်၌ နီးစပ်ရာကျွန်းတစ်ခုခုတွင် ခြေတံရှည် ဝါးတဲများဆောက်၍ နားခိုနေထိုင်ကြသည်။ ရှေးအခါက ဆလုံလူမျိုးများသည် လှေပေါ်တွင်သာ နေထိုင်ကြသော်လည်း ယခုအခါတွင် ဆလုံအများစုသည် ကော့သောင်းမြို့နယ်အတွင်းရှိ ကျွန်းအချို့ အပါအဝင် ကျွန်းများပေါ်တွင် အခြေချနေထိုင်ကြသည်။ ၂၀၁၃ ခုနှစ်တွင် ဆလုံယဉ်ကျေးမှုပွဲတော်ကို ကော့သောင်းမြို့နယ် မကြုံဂလက်ကျေးရွာ၌ကျင်းပခဲ့သည်။

ဆလုံလူမျိုးများသည် အခြားလူမျိုးများနှင့် ရောနှောနေထိုင်ခြင်းမရှိဘဲ မိမိတို့၏လူနေမှုစနစ်ကို ထိန်းသိမ်းကာ နတ်ကိုကိုးကွယ်ကြသည်။ ဆလုံလူမှုအသိုက်အဝန်းတွင် နတ်ဆရာသည် အလွန်အရေးပါသောပုဂ္ဂိုလ်ဖြစ်၍ သာရေးနာရေးကိစ္စများကို နတ်ဆရာစီစဉ်သည့်အတိုင်း ပြုလုပ်လေ့ရှိကြသည်။

မြန်မာနိုင်ငံတောင်ဘက်စွန်းတွင်တည်ရှိသည့် ကော့သောင်းမြို့နယ်မြောက်ဘက် ပင်လယ်ကမ်းစပ်တွင်အောင်ဘာကျေးရွာရှိသည်။ အောင်ဘာရွာ၏ တောင်ဘက်တွင် အောင်မြန်မာရွာတည်ရှိ၍ အောင်ဘာကျေးရွာ၏ အရှေ့မြောက်ဘက်တွင် မကြုံဂလက်ကျွန်းနှင့် အရှေ့တောင်ဘက်တွင် ညောင်ဝိကျွန်းရှိသည်။ ထိုကျွန်းနှစ်ကျွန်းသည် ဘင်္ဂလားပင်လယ်အော်အတွင်း၌ တည်ရှိကာ ကျွန်းများပေါ်၌ ဆလုံလူမျိုးများနေထိုင်ကြသည်။

၂၀၂၀ ပြည့်နှစ်စက်တင်ဘာလအထိ ကော့သောင်းမြို့နယ်တွင် ဆလုံလူမျိုး ၁၂၈၀၆ ဦး နေထိုင်လျက်ရှိရာ မြို့နယ်လူဦးရေ၏ ၉ ဒသမ ၈၇ ရာခိုင်နှုန်းဖြစ်သည်။



ကော့သောင်းမြို့နယ်တွင် ကျွန်း ၉၃ ကျွန်း ရှိသည့်အနက် ရတနာကျွန်း၊ သူဌေးကျွန်း၊ ဇာဒက်ကြီးကျွန်း၊ ဂျလန်းကျွန်း၊ မကြုံဂလက်ကျွန်း၊ ဆလုံကျွန်းနှင့် မွေတော်ကျွန်းအပါအဝင် ကျွန်း ၂၀ တွင်လူများနေထိုင်ကြသည်။ မကြုံဂလက်သည် လန်ပိအမျိုးသားအဏ္ဏဝါကျွန်းစုတွင်ပါဝင်၍ ဆလုံလူမျိုးများနေထိုင်သည့် ကျေးရွာဖြစ်သည်။

မကြုံဂလက်ရွာတွင် အိမ်ခြေ ၁၇၀ ကျော်ရှိ၍ ကျေးရွာလူဦးရေ ၆၀၀ ဝန်းကျင်တွင် ဆလုံလူမျိုးများက ၂၅၀ ရှိသည်။ ကျေးရွာလူဦးရေ၏ ၂၀ ရာခိုင်နှုန်းသည် ဆလုံစကားကို ပြောဆိုကြသည်။ မကြုံဂလက်ကျေးရွာတွင် ဆလုံသင်္ချိုင်းကို သီးသန့်ထားရှိကာ ဆလုံများကွယ်လွန်လျှင် ဆလုံသင်္ချိုင်း၌သာ သီးသန့်မြှုပ်နှံကြသည်။

ဆလုံများတွင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိကာ မိမိတို့ရိုးရာ ဝတ်စုံ၊ အစားအသောက်၊ ဘာသာစကားနှင့် ထုံးတမ်းဓလေ့များကို အစဉ်အဆက် ထိန်းသိမ်းခဲ့ကြသည်။ ဆလုံယဉ်ကျေးမှုများအနက် ထိမ်းမြားလက်ထပ်သည့်ထုံးတမ်းသည် စိတ်ဝင်စားဖွယ်ဖြစ်သည်။

ဆလုံများသည် အသက် ၁၈ နှစ်ဝန်းကျင်တွင် အိမ်ထောင်ပြုလေ့ရှိသည်။ဆလုံလူငယ်တစ်ဦးသည် အိမ်ထောင်ပြုချိန်တွင် မိမိနှစ်သက်မြတ်နိုးသည့် မိန်းကလေးကို သူ၏မိဘများထံတွင် သွားရောက်တောင်းရမ်းရသည်။ ဆလုံလူငယ်သည် မိမိ၏မိဘများနှင့်အတူ အမျိုးသမီး၏မိဘနှစ်ပါးထံသို့သွားရသည်။ မိန်းကလေးမိဘများက ဆလုံအကြီးအကဲရှေ့မှောက်တွင် လက်ခံတွေ့ဆုံသည်။ မိန်းကလေးဘက်ကလက်ခံလျှင် မင်္ဂလာရက်ကို သတ်မှတ်သည်။

ဆလုံမင်္ဂလာပွဲတွင်ဧည့်ခံကျွေးမွေးသည့်ဟင်းလျာသည် ငါးကင်၊ လင်းနို့ကြော်၊ လင်းဆွဲကြော်၊ ကြက်ကောင်လုံးပြုတ်၊ ကြက်ကောင်လုံးကင်တို့ဖြစ်၍ တစ်ခါတစ်ရံတွင် မျောက်သားကြော်၊ ပျားရည်နှင့် အရက်ကို ထည့်သွင်းဧည့်ခံသည်။

ဆလုံတို့၏ ထုံးတမ်းအရ လက်ထပ်မင်္ဂလာပွဲကို နတ်ဆရာကဦးဆောင်ကာ ပင်လယ်ကမ်းစပ်သဲသောင်ပြင်တစ်နေရာ၌ ပြုလုပ်သည်။ မင်္ဂလာပွဲတွင် နတ်ဆရာက ဆလုံရိုးရာပလွေကိုမှုတ်ပြီးနောက် လက်နှစ်ဖက်ကို ခေါင်းပေါ်သို့ မြှောက်လျက် ရိုးရာနတ်ကိုပင့်ဖိတ်သည်။ ထို့နောက် နတ်ဆရာက သတို့သားနှင့် သတို့သမီး လက်ဖဝါးနှစ်ဖက်ကို ကိုင်ပြီး သူ၏လက်ဝါးနှစ်ဖက်ကို သတို့သားနှင့် သတို့သမီးတို့၏ လက်များပေါ်တွင်အုပ်ထားကာ မင်္ဂလာမောင်နှံကို ရာသက်ပန်စောင့်ရှောက်ရန် ရိုးရာနတ်အား တိုင်တည်ဆုတောင်းခြင်းသည်ပင် ဆလုံမင်္ဂလာပွဲအခမ်းအနားဖြစ်ပေသည်။ သတို့သားနှင့် သတို့သမီးက မိမိတို့ လက်နှစ်ဖက်စီကိုမြှောက်လျက် ရာသက်ပန် ရိုးမြေကျပေါင်းသင်းပါမည်ဟု တိုင်တည်ကြရသည်။

ဆလုံရိုးရာ မင်္ဂလာပွဲတွင် နတ်ဆရာသည် နတ်ကို တိုင်တည် ပူဇော်ပြီးနောက် တုန်ယင်လာပြီး အရက်သောက်၍ ငါးကင်၊ ကြက်ကောင်လုံးကင်၊ အစားအသောက်များကို စားသည်။ ဆလုံများက ထိုအချိန်တွင်နတ်ဆရာကို နတ်ဝင်နေသည်ဟု ယုံကြည်ကြသည်။ ထို့နောက် နတ်ဆရာကကလျှင် ပရိသတ်ကလည်း လိုက်ကကြရသည်။ နတ်ဆရာ နတ်ဝင်ချိန်သည် နာရီဝက်ခန့်သာကြာမြင့်၍ ဆလုံမင်္ဂလာဆောင်ပွဲသည် တစ်နာရီဝန်းကျင်သာကြာမြင့်ပြီး ပရိသတ်များက ကျွေးမွေးဧည့်ခံသည့် အစားအသောက်များကို စားသုံးကာမင်္ဂလာပွဲကို အဆုံးသတ်လိုက်သည်။

ဆလုံများက မင်္ဂလာပွဲတွင် ရိုးရာနတ်ကို ပူဇော်ပသပြီးမှသာ လင်မယားအရာမြောက်သည်ဟု ယုံကြည်ကြသည်။

မင်္ဂလာပွဲပြီးလျှင် မိဘများက မင်္ဂလာမောင်နှံကို ရိုးရာလှေတစ်စင်း၊ ငါးဖမ်းပိုက်တစ်စုံနှင့် ငါးဖမ်းကိရိယာအချို့ကို လက်ဖွဲ့ခြင်းသည် ဇနီးမောင်နှံနှစ်ယောက်ဒိုးတူပေါင်ဖက် လုပ်ကိုင်စားသောက်ကြရန်ဖြစ်သည်။ ဇနီးမောင်နှံနှစ်ဦးသည် အဝေးသို့သွားရန်မလိုဘဲ ဆလုံရွာ၌ပင်နေထိုင်ကြရသည်။ ဤသို့ဖြင့် ဆလုံလူနေမှုအသိုက်အဝန်းသည် မိမိတို့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းလျက် ရှင်သန်ကြီးထွားလာခဲ့ကြပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
ISO 9001:2008 Cert. No.683099
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ပြည့်စွမ်းထား . . .
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

## အက်ဖ်အေက လူမျိုးရေးခွဲခြားမှုပြုလုပ်ခဲ့သည့် စပါးအသင်းကစားသမား ရိုဒရီဂိုဘန်တန်ကူလာကို ခုနစ်ပွဲပယ်နှင့် ဒဏ်ကြေးငွေ ပြစ်ဒဏ်ချမှတ်




လန်ဒန် နိုဝင်ဘာ ၁၉

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က အသင်းဖော် ဆွန်ယောင်မင်ကို လူမျိုးရေးခွဲခြားသည့်စကားအသုံးအနှုန်းများပြောဆိုခဲ့သည့် စပါးအသင်းကွင်းလယ်ကစားသမား ရိုဒရီဂိုဘန်တန်ကူလာကို ခုနစ်ပွဲပယ်နှင့် ဒဏ်ကြေးငွေ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ရိုဒရီဂိုဘန်တန်ကူလာသည် တီဗွီအင်တာဗျူးအစီအစဉ်တစ်ခုတွင် အသင်းဖော် ဆွန်ယောင်မင်နှင့်ပတ်သက်၍ လူမျိုးရေးခွဲခြားသည့်စကားအသုံးအနှုန်းများကိုပြောကြားခဲ့ပြီး ဆွန်ယောင်မင်နှင့် တောင်ကိုရီးယားနိုင်ငံသားများအပေါ်တွင် လူမျိုးရေးခွဲခြားမှုပြုလုပ်သည့်အတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က ရိုဒရီဂိုဘန်တန်ကူလာကို ကနဦး ခုနစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့သော်လည်း ထပ်မံစစ်ဆေးမှုများပြုလုပ်ပြီးနောက် စည်းမျဉ်းအပိုဒ် (၃) နှင့်ငြိစွန်းနေသဖြင့် ဒဏ်ကြေးငွေ ယူရို ၁၀၀၀၀၀ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ရိုဒရီဂိုဘန်တန်ကူလာသည် အသင်းဖော် ဆွန်ယောင်မင်အပေါ်တွင် စနောက်သည့်သဘောဖြင့် ပြောကြားခဲ့သော်လည်း ၎င်း၏စကားအသုံးအနှုန်းများမှာ ဆွန်ယောင်မင်နှင့် တောင်ကိုရီးယားနိုင်ငံသားများအပေါ်တွင် လူမျိုးရေးခွဲခြားသည့်သဘောသက်ရောက်နေသည့်အတွက် ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

ရိုဒရီဂိုဘန်တန်ကူလာက ၎င်း၏လုပ်ရပ်အတွက် အသင်းဖော် ဆွန်ယောင်မင်ကို ပြန်လည်တောင်းပန်ခဲ့သော်လည်း ပြစ်မှုကျူးလွန်သည့်အတွက် အက်ဖ်အေက ပွဲပယ်ပြစ်ဒဏ်အပြင် ဒဏ်ကြေးငွေ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ရိုဒရီဂိုဘန်တန်ကူလာအနေဖြင့် ခုနစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည့်အတွက် မန်စီးတီးအသင်း၊ ဖူလ်ဟမ်အသင်း၊ ဘုန်းမောက်အသင်း၊ ချယ်လ်ဆီးအသင်း၊ ဆောက်သမ်တန်အသင်းနှင့် လီဗာပူးအသင်းတို့နှင့်ကစားမည့်ပွဲစဉ်များအပြင် မန်ယူအသင်းနှင့် ကစားမည့် ကာရာဘောင်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို လွဲချော်ရမည်ဖြစ်သည့်အပြင် ဒီဇင်ဘာလ ၂၆ ရက်တွင် ကစားမည့် နော့တင်ဟမ်အသင်းနှင့် ပွဲစဉ်မှသာ ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

*Ref;Sky SportsOditibus*

## ရီးယဲလ်မက်ဒရစ်အသင်း ခံစစ်ကစားသမား မီလီတာအို ဒူးဒဏ်ရာခွဲစိတ်ကုသမှုခံယူရမည်

မက်ဒရစ် နိုဝင်ဘာ ၁၉

ရီးယဲလ်မက်ဒရစ်အသင်း အဓိကခံစစ်ကစားသမား မီလီတာအိုသည် ဒူးဒဏ်ရာသက်သာခြင်းမရှိသည့်အတွက် မကြာမီခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်းက အတည်ပြုထားသည်။

အသက် ၂၆ နှစ်အရွယ် မီလီတာအိုသည် ယခုဘောလုံးရာသီအစပိုင်းကလည်း ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ပြီးနောက် ပြန်လည်သက်သာလာသည့်အတွက် အသင်း၏ပွဲစဉ်တချို့တွင် ပါဝင်ကစားခဲ့သော်လည်း နိုဝင်ဘာလ ၉ ရက်က ကစားသည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အိုဆာဆူနာအသင်းတို့ပွဲစဉ်တွင် ပြင်းထန်သည့်ဒူးဒဏ်ရာရရှိပြီးနောက် အနားယူနေခဲ့ရသူဖြစ်သည်။

မီလီတာအိုအနေဖြင့် ဒူးဒဏ်ရာမှာ သက်သာခြင်းမရှိဖြင့် အသေးစိတ်ဆေးစစ်မှုပြုလုပ်ခဲ့ရာ ဒဏ်ရာမှာခွဲစိတ်ကုသမှုပြုလုပ်ရန် လိုအပ်နေသောကြောင့် မကြာမီခွဲစိတ်ကုသမှုခံယူရမည် ဖြစ်သည့်အတွက် ကာလရှည် ထပ်မံအနားယူရမည်ဖြစ်ပြီး ယခုဘောလုံးရာသီတစ်ရာသီလုံးအနားယူရမည်ဖြစ်ကာ လာမည့်ဘောလုံးရာသီမှသာ ပြန်လည်ပါဝင်ကစားနိုင်ဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

## အေစီမီလန်အသင်းနှင့်ခြေစွမ်းပြလျက်ရှိသည့် တောင်ပံကစားသမား ပူလီဆစ်အတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၆၀ သတ်မှတ်ထား

ရောမ နိုဝင်ဘာ ၁၉

အေစီမီလန်အသင်းက အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် တောင်ပံကစားသမား ပူလီဆစ်အတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၆၀ သတ်မှတ်ထားကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် ပူလီဆစ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ဒေါ့မွန်အသင်းနှင့်စတင်ပြီးနောက် ၂၀၁၉ ခုနှစ်က ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ချယ်လ်ဆီးအသင်းတွင် အစောပိုင်းနှစ်များက အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများနှင့်ရုန်းကန်ခဲ့ရပြီး ပွဲထွက်ခွင့်မရရှိတော့သည့်အတွက် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ချယ်လ်ဆီးအသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ပူလီဆစ်သည် အေစီမီလန်အသင်းတွင် တစ်ကျော့ပြန်ခြေစွမ်းပြနိုင်ပြီးနောက် လက်ရှိတွင် မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့က အပြိုင်ကမ်းလှမ်းရန် ပြင်ဆင်နေသည့်အတွက် အေစီမီလန်အသင်းက ပြောင်းရွှေ့ကြေးကို ယူရို သန်း ၆၀ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းနည်းပြသစ်အမိုရင်က အသင်းတောင်ပံတိုက်စစ်နေရာ အင်အားဖြည့်တင်းရန် ပူလီဆစ်ကိုခေါ်ယူလိုနေပြီး လီဗာပူးအသင်းက အသင်းမှထွက်ခွာရန်နီးစပ်နေသည့် ဆာလက်ချ်၏နေရာ၌ ပူလီဆစ်နှင့်အစားထိုးလိုနေသည့်အတွက် လာမည့် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့အပြိုင်ကမ်းလှမ်းဖွယ်ရှိနေသည်။

ပူလီဆစ်သည် ယခုဘောလုံးရာသီတွင် အေစီမီလန်အသင်းနှင့်အတူ ၁၅ ပွဲကစားပြီး ခုနစ်ဂိုးသွင်းယူထားကြောင်း သိရသည်။

*Ref;Fotmob*

## ကိုဗင်ထရီအသင်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြလမ်းပတ်ကိုခန့်အပ်ရန် ဆွေးနွေးမှုများပြုလုပ်

လန်ဒန် နိုဝင်ဘာ ၁၉

အင်္ဂလန်ချန်ပီယံရှစ်ကလပ် ကိုဗင်ထရီအသင်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြလမ်းပတ်ကို ခန့်အပ်ရန်အတွက် ဆွေးနွေးမှုများပြုလုပ်နေပြီး သဘောတူညီမှုရရှိရန်နီးစပ်လျက်ရှိကြောင်း သိရသည်။

ကိုဗင်ထရီအသင်းက နည်းပြမာ့ခ်ရော်ဘင်ကို အသင်းနည်းပြရာထူးမှ ထုတ်ပယ်ပြီးနောက် နည်းပြသစ်အမြန်ဆုံးခန့်အပ်ရန် ကြိုးပမ်းလျက်ရှိပြီး အစောပိုင်းက နည်းပြလမ်းပတ်အပြင် မန်ယူအသင်းနှင့်လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြ ဗန်နစ္စတယ်ရွိုင်းနှင့် သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ နည်းပြလမ်းပတ်နှင့် တရားဝင်ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိပြီး သဘောတူညီမှုရရှိရန်လည်း နီးစပ်နေခြင်းဖြစ်သည်။

အသက် ၄၆ နှစ်အရွယ် နည်းပြ လမ်းပတ်သည် ပရော်ဖက်ရှင်နယ်နည်းပြဘဝကို ၂၀၁၈ ခုနှစ်က အင်္ဂလန်ချန်ပီယံရှစ်ကလပ်အသင်းတစ်သင်းဖြစ်သည့် ဒါဘီအသင်းနှင့်စတင်ပြီးနောက် ချယ်လ်ဆီးအသင်းနှင့် အဲဗာတန်အသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၂၀၂၃ ခုနှစ်က ချယ်လ်ဆီးအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

နည်းပြလမ်းပတ်သည် ဒါဘီအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် အတွေ့အကြုံရှိသည့်အတွက် ကိုဗင်ထရီအသင်းက နည်းပြသစ်အဖြစ်ခန့်အပ်ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Goal.com*



# လက်နက်ကိုင်အကြမ်းဖက်သမားများက ခရီးသည်တင်မော်တော်ယာဉ်အား Drone အသုံးပြု၍ Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိ





ကန့်ဘလူမြို့နယ်၊ ပေကြီးကျေးရွာ၌ ခရီးသည်တင်မော်တော်ယာဉ်အား PDF အမည်ခံအကြမ်းဖက်အဖွဲ့က Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် နိုဝင်ဘာ ၁၉**

လက်နက်ကိုင်အကြမ်းဖက်သမားများသည် အပြစ်မဲ့ အရပ်သားပြည်သူများ နေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများ အတွင်း၌ တိုက်ပွဲများဖော်ဆောင်ခြင်း၊ ခရီးသည်တင်မော်တော်ယာဉ်များအား လက်နက်ကြီး၊ ရှော့တိုက်ဒုံး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများအား လုပ်ဆောင်လျက်ရှိပါသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့ ညနေ ၅ နာရီ ၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ဖုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာများဖြင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိသူများရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကသာ-မန္တလေးပြေးဆွဲသည့် “ငွေအိုးမန်း” ခရီးသည်တင်မော်တော်ယာဉ်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်ထွက်ခွာလာစဉ် ကန့်ဘလူမြို့နယ်၊ ပေကြီးကျေးရွာအနီးအရောက် PDF အမည်ခံအကြမ်းဖက်အဖွဲ့က Drone အသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ရာ မော်တော်ယာဉ်အနီးသို့ Drop Bomb တစ်လုံး ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသွားပြည်သူများအနက် မအိန္ဒြာမိုး(၄)နှစ်တွင် ဖုံးသီးပေါက်ကွဲစ ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဒေါ်ခင်ငွေး(၅၇)နှစ်၊ ဒေါ်ငြိမ်းစံပယ်(၃၀)နှစ်၊ ဒေါ်ယဉ်ထွေး(၃၃)နှစ်၊ မောင်သီဟနိုင်(၃)နှစ်တို့တွင် ဖုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့ အရပ်သားပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့၊ ရပ်ကွက်၊ ကျေးရွာအတွင်းသို့ အကြမ်းဖက်သမားများမှ တိုက်ပွဲများဖော်ဆောင်ခြင်း၊ ခရီးသည်တင်မော်တော်ယာဉ်များအား လက်နက်ကြီး၊ ရှော့တိုက်ဒုံး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# ကန့်ဘလူမြို့နယ်တွင် ခရီးသွားယာဉ်ပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ပစ်ခတ်မှုကြောင့် ဘုန်းကြီး ၁ ပါးနှင့် ပြည်သူ ၄ ဦး သေဆုံးသည်ဟု သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ရွှေဘို-မြစ်ကြီးနား ကားလမ်း ခရီးသွားယာဉ်ပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့်ပစ်ခတ်၍ ဘုန်းကြီး ၁ ပါး အပါအဝင် ပြည်သူ ၄ ဦး သေဆုံးသည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ ကန့်ဘလူမြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ဆက်သွယ်မေးမြန်းခဲ့ရာ နိုဝင်ဘာလ ၁၈ ရက်နေ့ ညနေပိုင်းတွင် ကသာ-မန္တလေးပြေးဆွဲသည့် “ငွေအိုးမန်း” ခရီးသည်တင် မော်တော်ယာဉ်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်ထွက်ခွာလာစဉ် ကန့်ဘလူမြို့နယ်၊ ပေကြီးကျေးရွာအနီးအရောက် PDF အမည်ခံအကြမ်းဖက်အဖွဲ့က Drone အသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ရာ မော်တော်ယာဉ်အနီးသို့ Drop Bomb တစ်လုံး ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသွားပြည်သူ ၄ ဦး ဖုံးသီးပေါက်ကွဲစ ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး အသက်(၄) နှစ်အရွယ် ကလေးငယ် ၁ ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ လူမဆန်သော အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်ခဲ့သည်ဟု ဖြစ်စဉ်လွဲမှားစွာ ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင် ကျွန်း၊ သစ်မာနှင့် အခြား စုစုပေါင်း (၁၇၉ ဒသမ ၈၁၄၂) တန် ဖမ်းဆီးရမိ



**နေပြည်တော် နိုဝင်ဘာ ၁၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၁ ရက်မှ ၁၇ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း (၃ ဒသမ ၆၀၂၀)တန်၊ သစ်မာ (၁ ဒသမ ၆၃၉၀)တန်၊ အခြား (၁၇၄ ဒသမ ၅၇၃၂)တန် စုစုပေါင်း (၁၇၉ ဒသမ ၈၁၄၂) တန်၊ ယာဉ်/ ယန္တရား (၄)စီး၊ တရားခံ (၁၃) ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို ရှုံးနိမ့်



**ရန်ကုန် နိုဝင်ဘာ ၁၉**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုတတိယပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက ၇ ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်းသိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံးအနိုင်ရရှိမှသာ တတိယလုပွဲကစားရန်မျှော်လင့်ချက်ရှိမည်ဖြစ်သည့်အတွက် အကောင်းဆုံးပြင်ဆင်လာခဲ့သော်လည်း မြန်မာအသင်းအနေဖြင့် အင်ဒိုနီးရှားအသင်းကို ခြေစွမ်းပိုင်းအရ ရင်ဆိုင်ရန်ခက်ခဲခဲ့ပြီး ပထမပိုင်းတွင် ၃ ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ကာ ဒုတိယပိုင်းတွင် အင်ဒိုနီးရှားအသင်းက လေးဂိုးထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို ၇ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး လိုအပ်နေသည့် အနိုင်ရမှတ်သုံးမှတ်ကို ရယူနိုင်ခဲ့သည်။

အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းသည် အုပ်စုပွဲစဉ် လေးပွဲကစားခဲ့ရာ ဖိလစ်ပိုင်အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ဗီယက်နမ်အသင်းနှင့်ပွဲစဉ်တွင် ၅ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ ထိုင်းအသင်းနှင့် ပွဲစဉ်တွင် ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားအသင်းနှင့်ပွဲစဉ်တွင် ၇ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း ရှုံးနိမ့်ခဲ့သည်။

အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုလေးပွဲကစားခဲ့ရာတွင် တစ်ပွဲသာသရေရလဒ်ရရှိခဲ့ပြီး သုံးပွဲရှုံးနိမ့်ခဲ့ကာ ရမှတ်တစ်မှတ်ဖြင့် အုပ်စုအောက်ဆုံးတွင် ရပ်တည်နေသည်။

**စည်သူအောင်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**နိုဝင်ဘာလ ၁၈ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၄၉၁၃၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၉၅၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၅၈၆၃၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့အထွက် ကျိုင်းဖောင်းရွာအနီးလမ်းဘေးတစ်နေရာ၌စုပုံထားသော အကောက်ခွန်မဲ့ ဆိုင်ကယ်အပိုပစ္စည်း (၁)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်နှင့် ထားဝယ်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးမြို့အဝင်၊ တံတားဦးအပိုင်းအနီး၌မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၇၁၆၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၀၀၇၁၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်နှင့် လပွတ္တာခရိုင်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့် မော်တော်ဆိုင်ကယ်(၃)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **နိုဝင်ဘာလ ၁၉ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ဖြူးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် (၄ ဒသမ ၅၀၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၅၄၅၆) ကို သစ်တောဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၆၅၄၅၆)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာလ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၂၀၈၉၁၆)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့် ကုန်စည်များ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေနိုင်သကဲ့သို့ စားသုံးသူ ပြည်သူလူထုအတွက် အသက်အန္တရာယ် ထိခိုက်မှုများဖြစ်ပေါ်စေနိုင်ပါသဖြင့် ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။ **(သတင်းစဉ်)**


## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဒလမြို့နယ်၊ ပျော်ဘွယ်ကြီးကျေးရွာ၊ သာယာစုပိုင်း၊ အမှတ်-၁၆ ဟုခေါ်တွင်သည့် မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် မြို့နယ်အမည်-ဒလ၊ ရပ်ကွက်/ကျေးရွာအုပ်စု အမည်-ပျော်ဘွယ်ကြီး၊ ကွင်း/အကွက်အမှတ်-၂၀၁၊ ကွင်း/အကွက်အမည်-ပျော်ဘွယ်အနောက်၊ ဦးပိုင်လုပ်ကွက်အမှတ်-၁၃/၁၊ မြေမျိုး-လယ်၊ ဧရိယာ(၈.၂၃)ဧကရှိ မြေကွက်နှင့် လယ်မြေများသည် (၁-၂၃-၂၀၁၃)ရက်စွဲပါ မိသားစုစီမံမှုနောက်ဆက်တွဲသဘောတူစာချုပ်အရ ဒေါ်လှလှဆန်း(၁၂/တကန(နိုင်)၀၃၅၂၀၇)၊ ဒေါ်မြင့်မြင့်ဌေး(TTE-၁၇၃၄၁၃)၊ ဦးသန်းဇော်မင်းထွန်း(၁၂/တကန(နိုင်) ၁၇၁၁၁၆)နှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးငြိမ်းဇော်မင်းထွန်း(၁၂/တတန(နိုင်) ၁၂၈၁၀၂)တို့ (၄)ဦး ပိုင်ဆိုင်သည့်မြေကွက်နှင့် လယ်မြေများဖြစ်ပါသည်။ ထို့နောက် ဒေါ်မြင့်မြင့်ဌေးသည် ၂၀၂၂ ခုနှစ်တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ အထက်ဖော်ပြပါမြေကွက်နှင့် လယ်မြေတို့ကို ဒေါ်လှလှဆန်း၊ ဦးသန်းဇော်မင်းထွန်းနှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးငြိမ်းဇော်မင်းထွန်းတို့ (၃)ဦးက လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသည့်မြေကွက်နှင့် လယ်မြေများဖြစ်ပါသည်။

အဆိုပါမြေကွက်၊ လယ်မြေတို့နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးငြိမ်းဇော်မင်းထွန်း၏သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ပါရန်နှင့် အကယ်၍ပြုလုပ်ခဲ့ပါက ရောင်းသူ၊ ဝယ်ယူသူတို့၏တာဝန်သာဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးငြိမ်းဇော်မင်းထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှဖြိုးဝေ(တရားလွှတ်တော်ရှေ့နေ)
အမှတ်-၂၉၊ (၃၅)လမ်း၊ တတိယထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၄၄၅၁၇၅၂

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Amphibious Excavator သုံးစက်အရန်ပစ္စည်းများ | 2 Lots |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၁၁-၂၀၂၄ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၃-၁၂-၂၀၂၄ ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်)၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁ ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ

## အစုရှယ်ယာမတည်ငွေရင်းလျှော့ချကြောင်း
## ကြေညာခြင်း

Swann Eternal Construction Co.,Ltd. ကုမ္ပဏီမှတ်ပုံတင်အမှတ်-127056307 သည် (၃၁-၁၀-၂၀၂၄)တွင်ကျင်းပသည့် အထူးအစည်းအဝေးအရ မတည်ငွေရင်းပမာဏတန်ဖိုးအား လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ Swann Eternal Construction Co.,Ltd.

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်လေလံရောင်းချခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် မြို့နယ်၊ ဌာနအသီးသီးမှ အပ်နှံထားသည့် ဆယ်တင်ပစ္စည်းများမှ ပြန်လည်အသုံးပြု၍မရတော့သည့် HDBC/HDSC ကြိုး၊ ACSR ကြိုးတို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်လေလံတင်ရောင်းချလိုပါသည်။

၂။ လေလံပုံစံနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း(၂၀-၁၁-၂၀၂၄) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ လေလံပိတ်ရက်မှာ (၄-၁၂-၂၀၂၄)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ်-၀၁ ၂၂၀၈၁၆ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## အစည်းအဝေးအကြောင်းကြားခြင်း

Swann Eternal Construction Company Limited သည် မတည်ငွေရင်းလျှော့ချခြင်းအား အစုရှယ်ယာရှင်များ၏အတည်ပြုချက်ရယူရန် အစည်းအဝေးတစ်ရပ်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျင်းပသည့်နေ့ ။ ။ ၃၁ ရက်နေ့၊ အောက်တိုဘာလ၊ ၂၀၂၄ -ခုနှစ်
ကျင်းပသည့်အချိန် ။ ။ နံနက် ၁၀:၀၀ နာရီ
ကျင်းပသည့်နေရာ ။ ။ အမှတ်-၂၁၆/ ၂၂၂၊ အခန်းအမှတ်-စီ/၃၊ ၄၉ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။

## ပျောက်ဆုံးကြောင်း

လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၅)လမ်းနေ ခိုင်ခင်ချစ်စု(ဘ)ဦးဇော်ဝင်း ၁၂/လမတ(နိုင်)၀၃၂၅၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၈၄၀၈၀၀၈

## ပျောက်ဆုံးကြောင်း

ရေတွင်းကုန်းရပ်ကွက်၊ (၁၁၉)လမ်း၊ မ-၄၆(ပလ္လာ)နေ မောင်ကောင်းမြတ်(ဘ)ဦးမင်းဦး ၁၂/မဂတ(နိုင်)၁၁၈၉၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၉၂၃၆၇၅

## ပျောက်ဆုံးကြောင်း

မြင့်သိန်း(ဘ)ဦးထွန်းမြိုင် ၁၂/ရကန(နိုင်)၀၆၄၁၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 232499)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

## ပျောက်ဆုံးကြောင်း

သန်းဇော်ဦး(ဘ)ဦးသန်းဝင်း ၂/ဒမဆ(နိုင်)၀၀၁၇၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 563684)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

အောင်လင်းထက်(ဘ)ဦးညွန့်မောင် ၇/ကဝန(နိုင်)၁၀၀၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၀၅၅၁၂

## ပျောက်ဆုံးကြောင်း

ဇင်မင်းထိုက်(ဘ)ဦးမြင့်ဇော် ၁၂/ကမန(နိုင်)၁၁၂၈၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 547085)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၀၅၅၁၂

## ပျောက်ဆုံးကြောင်း

စောသူရမဟာ(ဘ)ဦးတင်မြင့် ၃/ဘအန(နိုင်)၃၈၂၉၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 852018)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

မင်းကောင်းထက်(ဘ)ဦးအောင်ခင် ၁၀/ခဆန(နိုင်)၁၄၉၉၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 462780)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

မောင်မောင်သက်(ဘ)ဦးသန်းညွန့် ၁၂/ရပသ(နိုင်)၀၇၅၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 304680)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၇၃၆၇၄၃

## ပျောက်ဆုံးကြောင်း

ထိန်လင်း(ဘ)ဦးအုန်းမြင့် ၁၂/ဥကတ(နိုင်)၀၁၂၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၂၉၃၀၉၉

## ပျောက်ဆုံးကြောင်း

သန်းဝင်းလေး(ဘ)ဦးသန်းထွန်း ၁၁/သတန(နိုင်)၀၆၀၄၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၆၈၈၀၀၇

## ပျောက်ဆုံးကြောင်း

လယ်ဝေးမြို့၊ ရေနီလေးရွာနေ ကိုမျိုးမြင့်(ဘ)ဦးစံပေါ ၉/မသန(နိုင်)၁၂၂၇၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 540532)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၅၁၀၁၅၃၈

## ပျောက်ဆုံးကြောင်း

ကျော်မျိုးထွန်း(ဘ)ဦးဝင်းဇော် ၁/ဗမန(နိုင်)၀၅၉၁၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၂၁၂၉၃၄၀

## ပျောက်ဆုံးကြောင်း

အောင်ကျော်မိုး(ဘ)ဦးမြသန်း ၁၂/ကတန(နိုင်)၀၈၈၃၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၂၃၆၁၀၃

## ပျောက်ဆုံးကြောင်း

ဝေဖြိုးအောင်(ဘ)ဦးဝင်းငွေ ၁၄/ကခန(နိုင်)၁၀၅၁၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 968296)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ဖြူဖြူသင်း(ဘ)ဦးမျိုးမြင့် ၁၂/ဥကတ(နိုင်)၁၅၂၁၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 005090)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၅၁၉၀၆

## ပျောက်ဆုံးကြောင်း

မူမူစံ(ဘ)ဦးစံချိန် ၁၂/တကန(နိုင်)၁၆၃၀၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 763878)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၂၃၄၃၈၂၆

## ပျောက်ဆုံးကြောင်း

တပ်ကုန်းမြို့၊ ဥသျှစ်ကုန်းရွာနေ မောင်ဝေယံဦး(ဘ)ဦးချိုချို ၉/တကန(နိုင်)၂၁၆၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 663570)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၆၄၅၂၈၈၁

## ပျောက်ဆုံးကြောင်း

သွယ်သွယ်လင်း(ဘ)ဦးဆန်းဦး ၆/ပလန(နိုင်)၀၉၇၄၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၅၇၉၀၂၃၇

စာပေမြင့်မှ
လူမျိုးတင့်မည်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ပြည်သူ့ကျန်းမာရေးဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၄)ရက်
## (၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၁၉)ရက်)

၁။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| ရာထူး၊ လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| အငယ်တန်းအင်ဂျင်နီယာ(၂)<br>(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၇၀)နေရာ | အင်ဂျင်နီယာဘွဲ့<br>BE(Civil/EP/EC/IT)၊ B.Arch,<br>B.Tech(Civil/EP/Arch)<br>အင်ဂျင်နီယာဒီပလိုမာဘွဲ့<br>AGTI(Civil/EP/Arch)<br>(ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူကို ဦးစားပေးမည်) |

၂။ လျှောက်လွှာတွင် အောက်ဖော်ပြပါအချက်အလက်များ ပါဝင်ရမည်-
- (က) အမည်၊
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
- (ဂ) မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)၊
- (ဃ) လူမျိုး/ကိုးကွယ်သည့်ဘာသာ၊
- (င) ရရှိသည့်ဘွဲ့၊ ခုနှစ်၊ တက္ကသိုလ်၊
- (စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊
- (ဆ) ယခင်ကနိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်း ရှိ-မရှိ၊ ရှိပါက မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်းနှင့် အလုပ်မှနုတ်ထွက်ခဲ့သည့်အကြောင်းအရာ၊
- (ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လက်ရှိအလုပ်အကိုင်နှင့် ဌာန၊
- (ဈ) ပြင်ပပုဂ္ဂိုလ်ဖြစ်လျှင် လက်ရှိအလုပ်အကိုင်နှင့်ဆောင်ရွက်နေသည့် အဖွဲ့အစည်း/ဌာန/ကုမ္ပဏီ -------- စသည်ဖြင့်၊
- (ည) ဆက်သွယ်ရန် လိပ်စာနှင့် ဆက်သွယ်ရမည့် ဖုန်း/ Viber/ Email Address(ရှိလျှင်)၊
- (ဋ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံ။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များအား ပြည့်စုံစွာ ပူးတွဲပါရှိရမည်-
- (က) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊
- (ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(သို့မဟုတ်)အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
- (ဃ) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ၊ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊
- (င) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ၊
- (စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
- (ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လွန်ခဲ့သောတစ်လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း၊
- (ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
- (ဈ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ဆေးရုံ/ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဆေးစစ်ထောက်ခံချက်မူရင်း၊
- (ည) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကိုယ်တိုင်ကတိခံဝန်ချက်၊
- (ဋ) ဌာနတွင်အနည်းဆုံး (၅)နှစ်တာဝန်ထမ်းဆောင်နိုင်ပြီး ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိဝန်ခံချက်။

၄။ အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခံရသူ၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၅။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်၊ ရုံးအမှတ်(၄၇)သို့ လိပ်မူ၍ လျှောက်လွှာပိတ်ရက် (၁၉-၁၂-၂၀၂၄)ရက်နေ့၊ (၁၆:၃၀)နာရီထက် နောက်မကျစေဘဲ လျှောက်ထားရမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ပေးပို့ရန်ဖြစ်ပြီး လျှောက်လွှာမူရင်းခွဲတစ်စောင်ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးချုပ်သို့ (၁၉-၁၂-၂၀၂၄)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်သည်။

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရန်နှင့် လျှောက်လွှာပိတ်ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် မကျော်လွန်သူဖြစ်ရမည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများကို ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ လျှောက်ထားသူများသည် မြန်မာစာဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်နှင့်အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်။ စာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့်ရရှိသူအမည်စာရင်း၊ ခုံအမှတ်တို့ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)တွင် ကြေညာထားမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကိုသာ နှုတ်ဖြေစစ်ဆေးမည်ဖြစ်သည်။ စာမေးပွဲလာရောက်ဖြေဆိုပါက လျှောက်လွှာတင်စဉ်က မိတ္တူအဖြစ် တင်ပြထားသော အထောက်အထားများ၏ မူရင်းများပါရှိရမည်။

၁၀။ အသေးစိတ်သိလိုပါက ရုံးအမှတ်(၄၇)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်) စီမံခန့်ခွဲရေးဌာနခွဲသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် (၀၉-၄၂၀၇၃၃၁၅၂)၊ (၀၉-၅၀၇၆၀၄၀)ကိုသော်လည်းကောင်း ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**




### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နေ ဒေါ်ကြာဖီဦး ၁၁/မပန(နိုင်)၀၀၅၁၁၀ ၏သမီး ဒေါ်သီတာအေး ၁၁/မပန(နိုင်)၀၈၃၂၉၉ သည် မိဘဆိုဆုံးမမှု မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မိခင် ဒေါ်ကြာဖီဦး**
**၁၁/မပန(နိုင်)၀၀၅၁၁၀**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ နယ်မြေ(၁၁)၊ သုဇနဗဟိုလမ်းနေ ဦးထွန်းသက်ဝေ ၉/မထလ(နိုင်)၂၂၆၆၃၂ + ဒေါ်ခိုင်ခိုင်စိုး ၉/မထလ(နိုင်)၃၂၈၀၈၇ ကိုင်ဆောင်သူမှ (အလျား ၂၄'-၀" x အနံ ၄၈'-၀") RC (၃)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း
ကောင်းသက်ဟိန်း(ဘ)ဦးအောင်မျိုး ၁၄/ပသန(နိုင်)၃၁၅၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 605607)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ချစ်စုခင်(ဘ)ဦးအောင်သန်း ၁၁/ပတန(နိုင်)၁၄၁၄၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ကျော်နိုင်ဦး(ဘ)ဦးရွှေလှ ၇/ထတပ(နိုင်)၀၇၀၁၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ခင်စန်းဝင်း(ဘ)ဦးသိန်းအောင် ၅/ကကန(နိုင်)၁၂၇၁၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 497086)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ကေသီမြင့်(ဘ)ဦးစိုးမြင့် ၁၂/မဂတ(နိုင်)၁၀၁၇၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 086849)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ခင်ဘုန်းလှိုင်(ဘ)ဦးကြည်ခင် ၈/မမန(နိုင်)၂၉၄၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၆၂၃၂၀၈၈**

### ပျောက်ဆုံးကြောင်း
မဝိဇင်းရှာ(ဘ)ဦးဂျိုးဇက် ၂/ဒမဆ(နိုင်)၀၇၈၅၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဝေယံမင်းခန့်(ဘ)ဦးတင်ထွေ ၁၂/တမန(နိုင်)၁၃၅၃၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ချမ်းပြည့်ဦး(ဘ)ဦးထွန်းစိန် ၉/ရမသ(နိုင်)၂၅၆၅၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
လျန်ခေါ်ထန်(ဘ)ဦးသိုင်မှုန်း ၅/ကလထ(နိုင်)၀၅၃၅၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၉၁၂၂၅၂၃**

### ပျောက်ဆုံးကြောင်း
ဇာဇာမြင့်(ဘ)ဦးစိုးမြင့် ၁၂/မဂတ(နိုင်)၁၀၁၅၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 087804)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
မျိုးမင်းထိုက်(ဘ)ဦးကျော်သောင်း ၁၄/ဘကလ(နိုင်)၂၀၁၆၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၆၅၆၃၅၆၄**

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့၊ မင်းလမ်း၊ ရပ်ကွက်(၂)နေ မြတ်ကိုကို(ဘ)ဦးမန်းစိန် ၉/ဝတန(နိုင်)၁၃၄၂၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၈၀၈၆၄၃၆၅**

### ဖခင်အမည်မှန်
တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း (G-6) တွင် ပညာသင်ကြားနေသော မဆုမြတ်နှင်း၏ဖခင်အမည်မှန်မှာ ဦးသန်းထိုက်ဦး ၉/တကန(နိုင်)၁၆၂၉၉၄ ဖြစ်ပါကြောင်း။ **ဦးသန်းထိုက်ဦး**

### တစ်ဦးတည်းဖြစ်ပါကြောင်း
တောင်ကြီးမြို့၊ အ.ထ.က(၆)မှ အလယ်တန်းပြဆရာမ ဒေါ်မေနီလွင် ၁၃/တကန(နိုင်)၀၁၅၈၉၆ ၏ဖခင် ဦးအုန်းမောင်နှင့် ဦးအုံးမောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအုန်းမောင်(ခ)ဦးအုံးမောင်**

### မွေးသက္ကရာဇ်အမှန်
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ အဘ ဦးသန်းလွင်၏သား ဦးကျော်ကျော်(ခ)ဦးကျော်ကျော်ဦး ၉/ကပတ(နိုင်)၀၀၂၃၆၃ သည် ၂၈-၈-၁၉၇၁ မွေးသက္ကရာဇ်အမှန်ဖြစ်ပါကြောင်း။ **၂၈-၈-၁၉၇၁**

### ပျောက်ဆုံးကြောင်း
ဝေါမြို့၊ ညောင်ခါးရှည်ရွာနေ ဇော်မျိုး(ဘ)ဦးလှချိန် ၇/ကကန(နိုင်)၀၄၅၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
တောင်ငူမြို့၊ ကြို့ပင်ဝေ့ရွာနေ စောဟဲရစ်စန်ဖိုး(ဘ)ဦးစောဩဂတ်စတီး ၇/တငန(နိုင်)၁၅၆၀၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ရှိန်းကို(ဘ)ဦးခင်မောင်ဦး ၁၂/ဥကတ(နိုင်)၂၀၀၇၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 624320)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၀၉၁၈၈၀**

### ပျောက်ဆုံးကြောင်း
သီသီအောင်(ဘ)ဦးအောင်ကိုလတ် ၁၀/ဘလန(နိုင်)၁၄၀၄၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၀၂၃၀၉၁၈**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

---

❖ **လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို. . .**

❖ **နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စိစစ်တွေ့ရှိရသည့် **"မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ"**ကို Website နှင့် Mobile Application တို့တွင် လေ့လာဖတ်ရှုနိုင်မည်

နေပြည်တော် နိုဝင်ဘာ ၁၉

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် **"မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ"**အပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပမှ လေ့လာလိုသူများအနေဖြင့် Website နှင့် Mobile Application တို့တွင် နိုဝင်ဘာလ ၂၂ ရက်မှစတင်၍ လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါ Website နှင့် Mobile Application တို့တွင် ရွေးကောက်ပွဲအကြိုကာလ၌ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့မှုများ၊ ရွေးကောက်ပွဲကာလတွင် ဆောင်ရွက်ခဲ့မှုများ၊ ရွေးကောက်ပွဲအလွန်ကာလဖြစ်စဉ်များ၊ မြန်မာနိုင်ငံတစ်ဝန်းလုံး ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းစိစစ်ခြင်းနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးအပေါ် ခြုံငုံစစ်ဆေးတွေ့ရှိချက်၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များကိုပယ်ဖျက်ခြင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပေါ် သုံးသပ်ချက်၊ မှတ်တမ်းဓာတ်ပုံများ စသည်ဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို တစ်နေရာတည်းတွင် ကဏ္ဍစုံလင်စွာလေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

ထို့အပြင် မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား၊ ဂျပန် စသည့် ဘာသာစကား(၅)မျိုးဖြင့် လွှင့်တင်မည်ဖြစ်ရာ လေ့လာဖတ်ရှုလိုသူများသည် https://2020election.uec.gov.mm တွင် လည်းကောင်း၊ Mobile Application ကို အဆိုပါ Website တွင် Download ရယူ၍လည်းကောင်း လေ့လာဖတ်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စိစစ်တွေ့ရှိရသည့် "မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ"ကို** https://2020election.uec.gov.mm Website နှင့် **အဆိုပါ** Website **တွင်** Download **ရယူထားသည့်** Mobile Application **တို့တွင် လေ့လာဖတ်ရှုနိုင်မည်။**




## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၉

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ နိုဝင်ဘာလ ၂၃ ရက်တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## သွားလာရေးနှင့်လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခုတို့မှ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူကြောင်းကြေညာချက်

စာ - ၁၄ သို့

